www.burmeseclassic.com

# မဟာဒီလှိုင်း

မောင်ပေါ်ထွန်း

THE BIG WAVE

Pearl S. Buck



www.burmeseclassic.com

www.burmeseclassic.com

ဤ 'မဟာဒီလှိုင်း' ကို ဦးသိန်းလွင်၊ ရှမ်းမြေ့ဝေပေ (မ၀၄၆၇) အမှတ် ၅၊ စာတတိကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့ ထုတ်ဝေ၍ အရှေ့နှင့်စာသား၊ ကို ဦးမိုးဟိန်း ချိ မြို့ပုံနှိပ်တိုက် (၀၇၃၃) ၄၇ မြန်မာ့ရက်ရည်လမ်း၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

ပထမအကြိမ် — ၁၉၉၃ ဇန်နဝါရီ
အုပ်ရေ — ၁,၀၀၀
စာမူခွင့်ပြုချက် — ၇၁၇/၉၂(၁၂)
မျက်နှာဖုံးခွင့်ပြုချက် — ၇၃၀/၉၂(၁၂)
မျက်နှာဖုံးဒီဇိုင်း — ဘော် ကျော်ရွှေ
တန်ဖိုး — ၄၅ — ကျပ်

ယောမင်းကြီးစာပေက ထုတ်ဝေသည်
အမှတ် ၆/၁၉ ဘဏ္ဍာ လက်ရှင်ကင်း၊ ရန်ကင်းစာသင်တိုက်၊ (၁၁၀၈၁)
ရန်ကုန်။

# ဘာသာပြန်သူ၏ အမှာ

(၁)

လွန်ခဲ့သောနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့က ဖြစ်သည်။

ကျွန်တော် အလုပ်လုပ်နေသော 'ခေနဲ့' မဂ္ဂဇင်းတိုက်သို့မှ ရွာမှ ကျွန်တော် မိတ်ဆွေ ကိုမောင်မောင်စန်း ရောက်လာပြီး မုံရွာ လက်ဆောင်အဖြစ် ပဲချောင်း၊ ပဲငါးပိနှင့် မြေပဲလှော်ထုပ်များပေး သည်။ ထို့နောက် သူက ပြုံးပြုံးရယ်ရယ်ဖြင့်....

'ဒါတွေထက် တန်ဖိုးရှိတာ ပါသေးသဗျ'

'ဘာများမို့ လဲဗျာ'

'ဟောဒါ ပဲဗျ'

ဟု ဆိုကာ အပြာရောင် အဝတ်ဖုံးဖြင့် ဒီမိုင်းဆိုက်အရွယ် စာအုပ်တစ်အုပ်ကို လွယ်အိတ်ထဲမှ ထပ်မံထုတ်ပေး၏။

အပြင်ဖုံးတွင် စာအုပ်နာမည် မပါသောကြောင့် ကျွန်တော်က အတွင်းဖုံးကို ကမန်းကတန်း လှန်ကြည့်လိုက်ရာ 'မဟာဒီလှိုင်း' မူရင်းစာအုပ် **'The Big Wave'** ဖြစ်နေ၏။

ကျွန်တော်အလွန်ဝမ်းသာ သွားမိပါသည်။ ကြီးကြီးကျယ်ကျယ် ပြောရလျှင် ဝမ်းသာမှု 'မဟာဒီလှိုင်း' သည် ကျွန်တော့် တစ်ကိုယ်လုံးကို လွှမ်းခြုံသွားသည်ဟု ထင်မှတ်လိုက်ရပါသည်။ အဘယ်ကြောင့်ဆိုသော် လွန်ခဲ့သော သုံးနှစ်လောက်ကပင်၊ ဤစာအုပ်ကို ကျွန်တော် အလွန်တောင့်တနေခဲ့သောကြောင့် ဖြစ်၏။

**F.A** ယောမင်းကြီးစာပေ

www.burmeseclassic.com



'မဟာဒီလှိုင်း' ဝတ္ထုအကြောင်းကို စာရေးဆရာမကြီး ပါးလ်ဘတ်ခ်၏ **'A Bridge for Passing'** စာအုပ်ထဲတွင် ကျွန်တော် ပထမဦးဆုံးအကြိမ် ဖတ်ရှုသိရှိခဲ့ရ၏။ ထိုကတည်းကပင် ဤဝတ္ထုကို ကျွန်တော် အလွန်နှစ်သက်နေခဲ့ပါသည်။

ယခု ကိုမောင်မောင်စန်းက မမျှော်လင့်ဘဲ ဖြုန်းစားကြီးလာပေးတော့မှ ဖြစ်နိုင်လျှင် ဤစာအုပ်ကို လန်ဒန်မြို့မှ ဆရာမောင်နေမျိုးထံ လှမ်းမှာပေးရန် ကိုမောင်မောင်စန်းအား ကျွန်တော် ပြောခဲ့ဖူးသည်ကို ပြန်လည် သတိရမိပါတော့သည်။

ကိုမောင်မောင်စန်းမှာထိုစဉ်က မုံရွာမြို့ ပြန်ကြားရေးရုံးနှင့်စာကြည့်တိုက် တာဝန်ခံဖြစ်ပြီး 'ချင်းတွင်းရေကြည်' ပန်းချီအုပ်စု၏ ဦးဆောင်အဖွဲ့ဝင် ပန်းချီဆရာတစ်ဦးလည်း ဖြစ်၏။ ထို့ကြောင့် ရှေးဟောင်း မြန်မာ့နံရံပန်းချီကို လေ့လာနေသူဆရာမောင်နေမျိုး (နိုဝယ်ဆင်းဂါး)မှ ရွာသို့အလည်ရောက်လာရာမှ သူတို့နှစ်ယောက် 'သူတော်ချင်းချင်း၊ သတင်းလွှဲလွှဲ၊ ပေါင်းဖက်တွေ' ကြပြီး ညီအစ်ကိုတမျှ ခင်မင်ရင်းနှီးသွားခဲ့ကြ၏။

ကျွန်တော်က ဤအကြောင်းကို သိထားသောကြောင့် ကိုမောင်မောင်စန်းထံ အကူအညီတောင်းခံခဲ့ရခြင်း ဖြစ်ပါသည်။

လွန်ခဲ့သော ၁၉၈၉ ခုနှစ် အတွင်းကလည်း ဆရာမောင်နေမျိုးထံမှ ကျွန်တော့်ထံ စာအုပ်တစ်အုပ် ပို့ပေးခဲ့ဖူးသေး၏။ ထိုစာအုပ်မှာ နာမည်ကျော် အမေရိကန် စာရေးဆရာမ ဗင်နီယယ်ဒတီး ရေးသားသော **'Once in A Lifetime'** ဝတ္ထု ဖြစ်သည်။ ယင်းဝတ္ထုကို ကျွန်တော်က 'မိုးသက်လေနှင်' အမည်ဖြင့် ပြန်ဆိုကာ ဘဝဟက္ကသိုလ်စာပေမှ ထုတ်ဝေခဲ့ပါသည်။

ထိုဝတ္ထုအတွက် ဆရာမောင်နေမျိုးအား ကျေးဇူးတင်ကြောင်း ယခုတိုင် စာအားဖြင့် မပြောခဲ့ရသေးပါ။ ထို့ကြောင့် 'မိုးသက်လေနှင်' နှင့် 'မဟာဒီလှိုင်း' နှစ်အုပ်လုံး အတွက် ဆရာမောင်





နေမျိုးနှင့် ကိုမောင်မောင်စန်းတို့အား တစ်စု တစ်ပေါင်းတည်း အလွန်တရာ ကျေးဇူးတင်ပါကြောင်း ဤနေရာမှ လှိုက်လှဲစွာ ဖော်ပြလိုပါသည်။

## (၂)

ဤဝတ္ထုကို ရေးသားသူ တရုတ်ပြည်ဖွား အမေရိကန် စာရေးဆရာမကြီး ပါးလ်အက်စ်ဘတ်ခ်(၁၈၉၂–၁၉၇၃) သည် တရုတ်ပြည်နှင့် အခြား အာရှနိုင်ငံများကိုနောက်ခံထားကာ ဝတ္ထုစာအုပ်ပေါင်း များစွာ ရေးသားခဲ့သည်။

ယခု 'မဟာဒီလှိုင်း' ဝတ္ထုမှာ ဂျပန်နိုင်ငံ နောက်ခံဖြစ်ပြီး ဂျပန်လူမျိုးတို့၏ 'သေရေး' နှင့် 'ရှင်ရေး' ပြဿနာကို ဇာတ်အိမ်ဖွဲ့ကာ ရေးဖွဲ့ထားသည်။

ထို့ကြောင့် ဤဝတ္ထုမှာ သာမန်ဝတ္ထု မဟုတ်ဘဲ ရည်ရွယ်ချက်ကြီးမားသည့် ဝတ္ထုဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော်(ဆရာမကြီး ပါးလ်ဘတ်၏ စကားဖြင့် ဖော်ပြရလျှင်)....

'မဟာဒီလှိုင်းသည် ဖွံ့ဖြိုးခန်း ဝတ္ထုဖြစ်သည်။ ဤဝတ္ထုတွင် ဝေးလံသော ဒေသမှ တံငါရွာကလေးတစ်ရွာ၊ မီးတောင်လုံးကြီး တစ်လုံးနှင့် မီးတောင် ဘစ်တောင်တို့ ပါဝင်သည်။

'ဝတ္ထုဇာတ်သိမ်းမှာ သာမန် ရိုးရိုး ကလေးပင် ဖြစ်သည်။ သို့သော်လည်း အကြောင်းအရာကတော့ အလွန် ကြီးမားသည်။ ဤဝတ္ထုသည် ဂျပန်နိုင်ငံတောင်ပိုင်း၊ သာယာလှပသော ကျွန်းကျွန်း ဟောင်ဘက်အမွန်ရှိ ဝေးလံသီခေါင်သော တံငါရွာကလေး တစ်ရွာမှ လူသား လေးငါးယောက်တို့၏ အသက်ရှင်ရပ်တည်ရေး၊ သေရေးနှင့်တစ်ဖန် ပြန်လည်အသက်ရှင်ရပ်တည်ရေးတို့ကို ရေးသားထားခြင်း ဖြစ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



‘ဤစာအုပ်ကို စာဖတ်ပရိတ်သတ်များက တော်တော်ကြိုက်ကြသည်။ သူ့အမျိုးအစားတွင် စာပေဆုများလည်း တော်တော်များများ ရရှိခဲ့သည်။ ဘာသာစကားပေါင်း များစွာဖြင့်လည်း ပြန်ဆိုခဲ့ကြပြီးပြီ’

‘မဟာဒီလှိုင်း’ ဝတ္ထုကို အမေရိကန်နှင့် ဂျပန် ရုပ်ရှင်ကုမ္ပဏီများ ဖက်စပ်၍ ရုပ်ရှင်လည်း ရိုက်ခဲ့သည်။ ရုပ်ရှင်ရိုက်ကူးခြင်းနှင့် ပတ်သက်၍ ဆရာမကြီးက....

‘မဟာဒီလှိုင်း’ ကို ‘စာလုံးအက္ခရာ’ တည်းဟူသော ဘာသာစကားပေါင်းအမျိုးမျိုးဖြင့် ပြန်ဆိုခဲ့ကြပြီး ဖြစ်သည်။ သို့သော်လည်း ‘ရုပ်ရှင်’ တည်းဟူသော ဘာသာစကားဖြင့်မူ ယခင်က တစ်ခါမျှ မပြန်ဆိုခဲ့ဖူးသေးပါ။ စာရွက်ပေါ်မှ စာလုံးများ မဟုတ်ဘဲ ပိတ်ကားပေါ်မှ လူသားများ လှုပ်ရှားကြ၊ စကားပြောကြ၊ ရဲရဲရင့်ရင့်သေကြ၊ ပို၍ ရဲရဲရင့်ရင့်ချစ်ကြ၊ အသက်ရှင်ကြပုံကို ‘ရုပ်ရှင်’ ဘာသာစကားဖြင့် ဖော်ပြခြင်းသည်ပင်လျှင် စွန့်စားခန်းကြီးတစ်ခု ဖြစ်နေသည်’

ဟူ၍ ရေးသားခဲ့ပါသည်။

‘မဟာဒီလှိုင်း’ကို ရုပ်ရှင်မရိုက်မီ နှစ်နိုင်ငံကုမ္ပဏီများမှ ရုပ်ရှင်ပညာရှင်များက ဂျပန်နိုင်ငံတွင် ရိုက်ကွင်းရှာခဲ့ကြသည်။ ဆရာမကြီး ပါးလ်ဘတ်ခ်လည်း ဂျပန်သို့ သွားခဲ့ရသည်။ သို့ဖြင့် သတင်းစာရှင်းလင်းပွဲ ပြုလုပ်၍ ကမ္ဘာသို့ ထုတ်ဖော်ကြေညာသည့်အခမ်းအနားအကြောင်းကို ဆရာမကြီးက အောက်ပါအတိုင်း ဆက်လက်ရေးသားထားပါသည်။

‘ဂျပန်ကုမ္ပဏီဥက္ကဋ္ဌ ပြောကြားသည့်စကားမှာ မမေ့လောက်စရာပင် ဖြစ်သည်။ သူသည် နာမည်ကျော် ရုပ်ရှင် ပညာရှင်တစ်ဦးဖြစ်၏။ လူလတ်ပိုင်းအရွယ်သာ ရှိသေးသော်လည်း သူ့ရုပ်ရည်က





အသက်ထက်နုပျိုနေသည်။ တည်ငြိမ်သော ရုပ်သွင်ရှိသည်။ ဖော်ရွေသော အမူအရာရှိသည်။

‘သူက သူ့မိန့်ခွန်းကို ဂျပန်စကားဖြင့် ပြောပါသည်။ တော်တော်လည်း ကြာသည်၊ ဂျပန်စကားကို ကျွန်မ နားမလည်ပါ၊ သူက ပင်ကိုအားဖြင့် စကားနည်းသူဖြစ်၍ သည်လောက်ရှည်ရှည် ဝေးဝေး ဘာစကားတွေများ ပြောနေပါလိမ့်ဟု ကျွန်မ တွေးမိပါသည်။ သို့သော်လည်း ဂျပန်ကုမ္ပဏီဥက္ကဋ္ဌ ပြောကြားသော စကားများကို နောက်ပိုင်းတွင် ကျွန်မတို့၏စကားပြန်က လုံးစေ့ပါဌ်စေ့ ပြန်လည်ပြောပြပါသည်။ ကျွန်မ အလွန် စိတ်လှုပ်ရှားသွားသည်။ သူ့စကားက အလွန်လှသော စကား ဖြစ်သည်။သူက အောက်ပါအတိုင်း ပြောခဲ့ပါသည်။

‘မဟာဒီလှိုင်း’ကို အမေရိကန် ကုမ္ပဏီနဲ့ ပူးတွဲရိုက်ကူးခွင့် ရတဲ့အတွက်ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ အထူးပဲ ဂုဏ်ယူ ဝမ်းသာမိပါတယ်။ အမှန်က ဒီစာအုပ်ကို ရုပ်ရှင်ရိုက်သင့်တယ်ဆိုတာ လွန်ခဲ့သော နှစ်ပေါင်း အတော်ကြာကြာကတည်းကပင် ကျွန်တော် စိတ်ကူးမိခဲ့တာပါ။

အဲဒီတုန်းက ကျွန်တော့်စိတ်တွေ တော်တော်ကျနေပါတယ်၊ သမိုင်းတစ်လျှောက် ဝင့်ကြွားလာခဲ့တဲ့ ကျွန်တော်တို့ ဂျပန်နိုင်ငံကလဲ စစ်ရှုံးပြီး ကမ္ဘာ့အလယ်မှာ အလွန်မျက်နှာငယ်နေရတဲ့အချိန်ပါ။ အဲဒီအချိန်မှာ ကျွန်တော့်ရဲ့ ကျဆင်းနေတဲ့ စိတ်ဓာတ်ကို ဘယ်လိုပြန်ပြီး မြှင့်တင်ရမလဲဆိုတာ လုံးဝ စဉ်းစားလို့ မရအောင် ဖြစ်နေပါတယ်။

အဲဒီလိုဖြစ်နေတုန်း တစ်နေ့မှာ ‘မဟာဒီလှိုင်း’ ဝတ္ထုကို ကျွန်တော် မမျှော်လင့်ဘဲ တွေ့ရပြီး ဖတ်ကြည့်ပါတယ်။ စာရေးဆရာဟာ ဂျပန်လူမျိုးတွေအတွက် မျှော်လင့်



www.burmeseclassic.com

www.burmeseclassic.com



ချက်' တစ်ခုကို ပေးချင်တာကြောင့် ဒီဝတ္ထုကို ရေးတာလို့ ကျွန်တော် အလေးအနက် ခံစားမိပါတယ်။

'ဂျပန်လူမျိုးတွေဟာ ငလျင်ဘေးအန္တရာယ်၊ ရေဘေးအန္တရာယ်တွေနဲ့ ရာစုနှစ်ပေါင်းများစွာကတည်းကပင် အမြဲတမ်း အတူတကွ နေထိုင်လာခဲ့ကြရပါတယ်။ ဒီသဘာဝဘေးအန္တရာယ်ကြီးတွေရဲ့ အဖျက်အဆီးဒဏ်ကိုလဲ ကြောင့်ကြစရာ ကောင်းလောက်အောင် မကြာခဏ ခံစားခဲ့ကြရပါတယ်။

'အဲဒီတော့ ဂျပန်လူမျိုးတွေအနေနဲ့ဒီဘေးအန္တရာယ်ပေါ့က လွတ်မြောက်ပြီး အသက်ရှင်ရပ်တည်နေနိုင်ဖို့ဆိုတာအားသစ် အင်အားသစ်တွေနဲ့ သတ္တိရှိရှိ ရင်ဆိုင်ကြဖို့ပဲဖြစ်ပါတယ်။ ဆုံးရှုံးဘာတောင်မှ စိတ်ဓာတ်မကျဘဲ အရှုံးထဲကအမြတ်ထွက်အောင် ရှင်သန် ရပ်တည်နိုင်ကြဖို့ လိုပါတယ်။

'ဒီသဘောတရား၊ ဒီယုံကြည်ချက်ကို စာရေးဆရာက 'မဟာဒီလှိုင်း' က တစ်ဆင့် ဂျပန်လူမျိုးတွေကို ပေးတားတာ ဖြစ်ပါတယ်။

'ဒါကြောင့် ယိပ်ပြီး စွဲလမ်းနှစ်သက်ခဲ့တဲ့ ဒီဝတ္ထုကို အမေရိကန် ကုမ္ပဏီနဲ့ ကျွန်တော်တို့ကုမ္ပဏီတို့ ပူးပေါင်းပြီး ရုပ်ရှင်ရိုက်ကူးတာမှာ ကုမ္ပဏီကိုယ်စား တစ်ဖက်တစ်လမ်းက ပါဝင်ခွင့်ရတာဟာဖြင့် ကျွန်တော့်အတွက် ထူးထူးခြားခြား တိုက်ဆိုင်မှု တစ်ခုလို့ ဆိုနိုင်ပါတယ်။ ရတော့ ရခဲ့အခွင့်ရေးကြီးတစ်ရပ်ဆိုရင်လဲ မမှားပါဘူး။ ဒါကြောင့် 'မဟာဒီလှိုင်း' ဝတ္ထုကို ကျွန်တော်တို့ ကုမ္ပဏီက အမေရိကန်ကုမ္ပဏီနဲ့ပူးပေါင်းပြီး ရုပ်ရှင်ရိုက်မယ့်အကြောင်းကျွန်တော် ဒီနေရာက တရားဝင် ကြေညာလိုက်ပါတယ်။'





ကျွန်မသည် အသက်ရှင်နေမှုကို ချစ်သလို သူ့မိန့်ခွန်းကိုလည်း ချစ်မြတ်နိုးစွာဖြင့် နားထောင်ခဲ့ပါသည်၊ သံသယစိတ်တွေအပြည့်ဖြင့် တစ်ကိုယ်တည်း အထီးကျန် ရေးသားခဲ့သော သူ့စာအုပ်သည် သူကိုယ်တိုင် သတိပြုမိသည်ထက် ပို၍ လေးနက်သော အဓိပ္ပာယ်ဖြင့် လူသားများ၏ နှလုံးသားထဲသို့ စီးဝင်ရောက်ရှိသွားနိုင်ခြင်းမှာ စာရေးဆရာ တစ်ယောက်အဖို့ အမြင့်ဆုံးရရှိသော ဆုလာဘ်ကြီးတစ်ခုပင် ဖြစ်ပါသည်။

'တစ်နည်းအားဖြင့် စာရေးသူအနေဖြင့် လုံးဝမမျှော်လင့်သော အပိုဆုကြီး' ဟူ၍လည်း ဆိုနိုင်ပါသည်။

ဤဇာတ်လမ်းတွင် အဓိက ဇာတ်ဆောင်တစ်ဦး ဖြစ်သော ရဲတိုက်ရှင် အဘိုးအိုအဖြစ် ကမ္ဘာကျော် ဂျပန်ရုပ်ရှင်မင်းသားကြီး ဆက်ဆုအေ ဟာယာကာဝါက ပါဝင်သရုပ်ဆောင်ခဲ့သည်။

'မဟာဒီလှိုင်း' သည် ဝတ္ထုအနေဖြင့် နာမည်ကြီးသလို ရုပ်ရှင်အနေဖြင့်လည်း သူ့ခေတ်က အလွန်လူကြိုက်များခဲ့သည်။ မူရင်းဝတ္ထုတွင် အဓိက ဇာတ်ဆောင်လူငယ်နှစ်ဦးတို့၏ နာမည်များမှာ 'ကီနို' နှင့် 'ဂျီယ' ဖြစ်သော်လည်း ရုပ်ရှင်တွင် 'တိုရု' နှင့် 'ယူကီအို' ဟူ၍ ပြောင်းလဲထားပါသည်။

(၃)

ဆိုခဲ့သည့်အတိုင်း ဤဝတ္ထုသည် စာရေးဆရာမကြီး ပါးလ်ဘတ်ခ် ရေးသားခဲ့သော ဝတ္ထုများအနက် ရည်ရွယ်ချက်ကြီးမားသည့် ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ဤဝတ္ထုကို ၁၉၄၇ ခုနှစ်က ထုတ်ဝေခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန်နိုင်ငံကို ကမ္ဘာတွင် ပထမဆုံး အနုမြူဗုံးကြီးနှစ်လုံး ကြဲချခံရပြီးနောက် နှစ်နှစ်အကျော်ကာလ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အနုမြူဗုံးဒဏ်ကြောင့် ဂျပန်နိုင်ငံ လူလုံးမလှအောင် အဖက်ဖက်က ပျက်ဆီးခဲ့ရသည့်အတွက် ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးသောလူသားတိုင်းအကြီးအကျယ် တုန်လှုပ်ချောက်ချားသွားခဲ့ကြရသည်။

ထို့ကြောင့် ဂျပန်နိုင်ငံ ပြာပုံဘဝမှ 'ရှင်ပြန်ထမြောက်' နိုင်ရေးအတွက် စိတ်ဓာတ်မကျဘဲ သတ္တိရှိရှိဖြင့် ဆက်လက်ကြိုးစားစေလိုသော စေတနာရည်စူးချက်ကို အရင်းခံကာ စာရေးဆရာမကြီးဝါးလ်ဘာ်ခ်က ဤ'မဟာဒီလှိုင်း' ဝတ္ထုကို ရေးသားခဲ့ခြင်း ဖြစ်သည်။

ဝတ္ထုထဲတွင် တံငါရွာသူ ရွာသားများသည် မဟာဒီလှိုင်းဒဏ်ကြောင့် လက်ဖဝါးခြေဖဝါးသာ ကျန်ရစ်ခဲ့သည့်ကြားမှ ပြန်လည်တိုးတက်အောင် ကြိုးစားတည်ဆောက်ခဲ့ကြသည်။ လက်တွေ့ဘဝတွင်လည်း ဂျပန်လူမျိုးတို့သည် စစ်ဒဏ်ကြောင့် ပြာပုံဘဝရောက်ခဲ့ရသည့်ကြားမှ စီးပွားရေးတွင် ကမ္ဘာ့ထိပ်ဆုံးနိုင်ငံဘဝသို့ ရောက်အောင် ကြိုးစားခဲ့ကြသည်။

အဆိုပါ ဖြစ်ရပ်နှစ်ခုကို ထပ်တူပြုကာ ဆရာမကြီးက ထင်ဟပ်ဟင်စားလာခြင်းဖြစ်သည်။ ကြီးကျယ် နက်နဲသောအကြောင်းအရာကို ရိုးရိုးကလေး ဇာတ်လမ်းဆင်ထားပုံမှာ ပညာသား အလွန်ပါသည်၊ လှလည်း အလွန်လှသည်။

'မူရင်းအမှာ' တွင် ပြောထားသည့်အတိုင်း စာဖတ်သူသည် ဤဝတ္ထုကို ဖတ်ရှုပြီးသောအခါ ဂျပန်နိုင်ငံနှင့် ဂျပန်လူမျိုးများအား ခင်မင်လာမည်မှာ သေချာပါသည်။

မောင်ပေါ်ထွန်း

၁၉၉၂ ဩဂုတ် ၂၃

ပထမအကြိမ်

# အမှာ

ဂျပန်ပြည်နောက်ခံ ဤဇာတ်လမ်းသည် ကျွန်မ၏ မှတ်ဉာဏ်မှ ပေါက်ဖွားလာခြင်း ဖြစ်ပါသည်။

ကျွန်မသည် တစ်ရံရောအခါက ပင်လယ်ပြင်အထက် တောင်ကုန်းနံဘေးမှ အိမ်ကလေးတစ်အိမ်တွင် နေခဲ့ဖူးပါသည်။ တစ်နေ့သောအခါ ပင်လယ်ပြင်မှ ရေမလှိုင်းလုံးကြီးများ တက်လာက သောင်ပြင်ပေါ်မှ တံငါရွာကလေးကို ပင်လယ်ထဲသို့ တိုက်ချသွားပါလေတော့သည်။ ထို့ကြောင့် ကိမိုနှင့်ဂျိယတို့၏ ဇာတ်လမ်းကို တကယ့်ဖြစ်ရပ်မှန် ဇာတ်လမ်းဟု ဆိုနိုင်ပါသည်။

ဤဇာတ်လမ်းအတွက် သရုပ်ဖော်ပုံများကို စဉ်းစားသောအခါ ကျွန်မက သရုပ်ဖော်ပုံသက်သက်သာ မဖြစ်စေချင်ပါ။

F.B

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်နိုင်ငံနှင့် ဂျပန်လူမျိုးတို့၏ စိတ်ဓာတ်ကို ဖော်ပြသောပုံများ ဖြစ်စေချင်ပါသည်။ ဂျပန်နိုင်ငံသည် လှပသော နိုင်ငံဖြစ်ပါသည်၊ ထို့ကြောင့် သရုပ်ဖော်ပုံများလည်း လှပစေချင်ပါသည်။

သို့ဆိုလျှင် ထိုပုံများကို ကျွန်မ ဘယ်က ရနိုင်ပါမည်နည်း။ နာမည်ကျော် ဂျပန်ပန်းချီဆရာများ၏ လက်ရာများ ရှိပါသည်။

သို့ဖြင့် ကျွန်မသည် ကျွန်မ၏ ဂျပန်ပန်းချီစာအုပ်ပုံကို မွှေနှောက် ရှာဖွေရပါတော့သည်၊ ကျွန်မက တောင်ပုံ၊ သောင်ပုံ၊ လိုဏ်ခေါင်းပုံ၊ တံငါရွာကလေးပုံ၊ တောင်ကုန်းပုံ၊ ကျွန်းကလေးပုံနှင့် ရောမလှိုင်းလုံးကြီးပုံတွေကို လိုချင်ပါသည်၊ ကျွန်မ လိုချင်သောပုံများကို အခန့်သင့်ပင် တွေ့ရှိရပါသည်။

တကယ်တော့ ဤပုံများသည် ကီနိုနှင့် ဂျိုယတို့၏ ပုံများ မဟုတ်ကြပါ။ သို့သော်လည်း ဤပုံများသည် သူတို့နေထိုင်သော နိုင်ငံ၊ သူတို့၏ရွာကလေး၊ ထိုရွာကလေး အနီးမှ ပင်လယ်ပြင်၊ ထိုပင်လယ်ပြင်ပေါ်မှ ရောမလှိုင်းလုံးကြီးများကို 'ကိုယ်စားပြုသော' ပုံများဖြစ်ပါသည်၊ ဤနိုင်ငံနှင့် ဤပင်လယ်ပြင်တို့ကပင်လျှင် ကီနိုနှင့်ဂျိုယတို့အား ရဲရင့်သော လူငယ်များအဖြစ်၊ မေသမင်းကို အံတုရဲသူများအဖြစ်၊ ရိုးသားစွာ နေထိုင်ကာ အလုပ်ကို အလွန်ကြိုးစားသူများအဖြစ် ဖန်တီးပေးခဲ့ခြင်း ဖြစ်ပါသည်၊

---

မထမအကြိမ်



ဤပန်းချီကားများမှာ နာမည်ကျော် ဂျပန်ပန်းချီဆရာကြီးနှစ်ဦးတို့၏ လက်ရာများဖြစ်ပါသည်။ တစ်ယောက်က ၁၇၆၀–၁၈၄၉ ကာလအတွင်း နေထိုင်ခဲ့သော ဟိုကုဆာအိဖြစ်ပြီး နောက်တစ်ယောက်မှာ ၁၇၉၇–၁၈၅၈ ကာလအတွင်း နေထိုင်ခဲ့သော ဟီရိုရှိဂေးဖြစ်ပါသည်။ ဤပန်းချီဆရာကြီးနှစ်ဦးသည် သူတို့၏ အမိနိုင်ငံကို သူတကာထက်ပို၍ ချစ်မြတ်နိုးသောစိတ်ဖြင့် အပြုအပြင်အမွမ်း အမံမပါဘဲ ပကတိအမြင်အတိုင်းသာ ပန်းချီရေးဆွဲလေ့ရှိကြပါသည်။

ဟိုကုဆာအိသည် တံငါများနှင့် လယ်သမား များ၏ မိသားစုဘဝကို အထူးသဖြင့် ရေးဆွဲလေ့ရှိပါသည်။ သူသည် ပြည်သူတွေ အလုပ်လုပ်ကြပုံ၊ ကစားပျော်ရွှင်ကြပုံများကို အထူးနှစ်သက်ပါသည်။ ထို့ကြောင့် သူ့ပန်းချီကားများတွင် ထိုအကြောင်းအရာများဖြင့် ပြည့်နှက်နေပါသည်။

ဟီရိုရှိဂေးကမူ ရှုခင်းသာများနှင့် ငှက်ကလေးများကို အလွန်သဘောကျပါသည်၊ အထူးသဖြင့် ငွေလမင်းကို နောက်ခံထားကာ ငန်းရိုင်းတွေ ပျံသန်းနေပုံနှင့် ဆီးနှင်းဖုံးနေသော ထင်းရှူးပင်ပေါ်မှ လင်းယုန်ငှက်ပုံများကို ရေးဆွဲလေ့ရှိပါသည်။

ဤပုဂ္ဂိုလ်နှစ်ဦးစလုံးပင် ဂျပန်နိုင်ငံနှင့် ဂျပန်လူမျိုးတို့၏ ခံစားချက်ကို ပန်းချီအနုပညာဖြင့် ပီပီပြင်ပြင် သရုပ်ဖော်နိုင်စွမ်းကြပါသည်၊ ထို့ကြောင့် ဤဇာတ်လမ်းအတွက် သူတို့၏ ပန်းချီပုံများကို ကျွန်မ တမင်တကာ ရွေးချယ်ရခြင်းဖြစ်ပါသည်။

---

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com


(၄)

သူစာရှုသည် ဤဇာတ်လမ်းကို ဖတ်ရှုရင်း ပန်းချီပုံများကို ခပ်ကြာကြာ စူးစိုက်ကြည့်ရှုပါလျှင် ဂျပန် နိုင်ငံ ကို လည်း ကောင်း၊ ကီနိုနှင့် ဂျီယတို့ကိုလည်းကောင်း ကောင်းစွာ နားလည်လာပါလိမ့်မည်။

ယင်းသို့ နားလည်လာသောအခါ သူတို့ကိုလည်း ချစ်ခင် နှစ်သက်လာပါလိမ့်မည်။

ပါးလ်၊ အက်စ်၊ ဘင်္ခ်


ပထမအကြိမ်



*Fuji from Mishima Pass—Hokusai*

www.burmeseclassic.com

www.burmeseclassic.com



*Fuji from the "Seven-Ri" Beach, Soshu—Hiroshige*



*The Wave—Hokusai*

www.burmeseclassic.com

www.burmeseclassic.com



# မဟာဒီလှိုင်း

## မောင်ပေါ်ထွန်း

ကီနိုသည် ယာတောတွင်နေသည်။ ယာတောသည် ဂျပန်နိုင်ငံမှ တောင်တစ်လုံး၏ ကမ်းပါးယံတွင် တည်ရှိသည်။ ယာခင်းများကို ကျောက်တုံးနံ့ရံများဖြင့် တောင်ခတ်ထား၏။ ကျောက်တုံးတောင်များမှာ တောင်ပေါ်သို့ အဆင့်ဆင့်တက်သွားသော လှေကားထစ်ကျယ်ကြီးများသဖွယ် ဖြစ်နေကြသည်။ ယာခင်းများအား ကာခတ်ထားသော ကျောက်တုံးနံ့ရံများကို လွန်ခဲ့သော ရာစုနှစ် ပေါင်းများ စွာ ကပင် ကီနို၏ ဘိုးဘွားဘီဘင်များက ပြုလုပ်ထားခဲ့ကြ၏။

ယာခင်းများ၏ အထက်တွင် ယာတဲရှိသည်။ ထိုယာတဲမှာ ကီနိုတို့မိသားစု၏ အိမ်ဖြစ်၏။

ကီနိုအဖို့ ယာတဲသို့ ဟက်လာရသည်မှာ တစ်ခါတစ်ရံ အလွန်ပင်ပန်းသည်။ အထူးသဖြင့် အောက်ဆုံးယာခင်းမှ



www.burmeseclassic.com

www.burmeseclassic.com



တက်လာရသောအခါနှင့် ညနေပိုင်း ထမင်းဆာလွန်းသော အခါများတွင် အပင်ပန်းဆုံးဖြစ်၏။

သို့သော်လည်း ညစာစားပြီးချိန်နှင့် နံနက်ခင်းတို့တွင် တော့ ယခုကဲ့သို့ အလွန်မြင့်သော နေရာ၌ နေထိုင်ရသည်ကို တွေး၍ ကီနို ဝမ်းသာမိသည်။ အဘယ်ကြောင့် ဆိုသော် တောင်ပေါ်မှ ငုံ့ကြည့်လိုက်လျှင် တောင်ခြေရင်းတွင် အပြာရောင် သမုဒ္ဒရာရေပြင်ကျယ်ကြီးကို မြင်နေရသောကြောင့်ပင် ဖြစ်၏။

တောင်ကြီးသည် သမုဒ္ဒရာထဲမှ မတ်စောက်စွာ မြင့်တက် နေ၏။ တောင်ခြေရင်းတွင် သဲသောင်ပြင်ရှိသည်။ ထိုသဲ သောင်ပြင်ပေါ်တွင် တံငါရွာကလေးရှိသည်။ ကီနို၏အဖေ သည် ထိုရွာကလေးသို့ သွားကာ ဆန်နှင့် သစ်သီးဝလံများ ရောင်းချပြီး အပြန်တွင် ငါးဟင်းမစ္ဆများ ဝယ်ယူလာလေ့ ရှိ၏။

ကီနို၏ အခန်းပြတင်းမှ အောက်သို့ ငုံ့ကြည့်လိုက်လျှင် ကျောက်စရစ်လမ်း၏ တစ်ဖက်တစ်ချက်တွင် မညီမညာ ဆောက်လုပ်ထားသော သက်ကယ်မိုးအိမ်ကလေးများကို မြင် နေရသည်။ ဤအိမ်ကလေးများကို မျက်နှာချင်းဆိုင် ဆောက် ထားကြ၏၊ ပင်လယ်ပြင်ဘက်ခြမ်းမှ အိမ်များတွင် ပင်လယ်ပြင် ဘက်သို့ မျက်နှာမူသော ပြတင်းပေါက်များ မရှိကြ။

ပင်လယ်ပြင်မှ လှိုင်းလုံးကြီးများ တလိပ်လိပ်တက်လာ သည်ကို ကြည့်ကာ ကီနိုအလွန်သဘောကျသည်။ တံငါရွာမှ လူများဘာကြောင့်များ ပင်လယ်ဘက်ကိုပြတင်းပေါက်မထား





ကြတာပါလိမ့် ဟူ၍ သူ မကြာခဏ တွေးမိကတတ်၏။ သို့သော် သူ့မိတ်ဆွေ ဂျီယ ပြောပြတော့မှ အကြောင်းရင်းကို သိရ တော့သည်။ ဂျီယ၏အဖေမှာ တံငါဖြစ်သည်။

ဂျီယ တို့၏အိမ်မှာ တံငါရွာကလေး၏ ပင်လယ်ပြင်ဘက် အစွန်းမှ အစွန်ဆုံးအိမ်ဖြစ်၏။ သူတို့အိမ်တွင်လည်း ပင်လယ် ပြင် ဘက်ကို မျက်နှာမူသော ပြတင်းပေါက်မရှိ။

'ပင်လယ်ပြင်က သိပ်လှတာပဲ၊ ဘာလို့ ပြတင်းပေါက် မဖောက်တာလဲ'

ကီနိုက ဂျီယကို မေးကြည့်သည်။

'ပင်လယ်ဆိုတာ ရန်သူပဲ'

ဂျီယက ပြန်ပြောသည်။

'မင်း ဘာကြောင့် အဲဒီလို ပြောရတာလဲ၊ မင်း အဖေက ပင်လယ်ထဲကပဲ ငါးတွေ ဖမ်းပြီး ရောင်းစားတာပဲ၊ မင်းတို့ က ဒီအလုပ်ကိုပဲ အမြဲ လုပ်ကိုင် စားသောက်နေကြတာပဲ မဟုတ်လား'

ဤတွင် ဂျီယက ဦးခေါင်းကို ခါရမ်းရင်း—

'ဒါပေမယ့် ပင်လယ်ကတော့ ရန်သူပဲကွ၊ ဒါကို တို့အား လုံး သိတယ်'

သို့သော် ကီနိုကတော့ မယုံ၊ ပင်လယ်သည် လူတို့၏ ရန် သူဖြစ်သည်ဟူသော အဆိုကို သူ့အနေဖြင့် တော်တော့်ကို ယုံရခက်၏။

သူသည် နေသာသော နေ့များတွင် သူ့အလုပ်များပြီး လျှင် ကျောက်နီရဲလှေကားလမ်းအတိုင်း တောင်ပေါ်မှ ပြေး



www.burmeseclassic.com

www.burmeseclassic.com



**ဆင်းလာကာ** ပင်လယ်ကမ်းခြေတွင် ဂျိယနှင့် တွေ့ဆုံလေ့ရှိသည်။ ထို့နောက် နှစ်ယောက်သား အဝတ်အစားတွေ ချွတ်ပြီး ပင်လယ်ထဲသို့ ခုန်ဆင်းကြသည်။

ပင်လယ်ရေပြင်သည် ကြည်စိမ်းနေ၏။

သူတို့သည် ခပ်လှမ်းလှမ်း ရှိ ကျွန်းကလေးဆီသို့ ကူးခတ်ကြသည်။ သူတို့က ထိုကျွန်းကလေးကို သူတို့၏ ကိုယ်ပိုင်အဖြစ် သတ်မှတ်ထားကြ၏။

စင်စစ် ထိုကျွန်းကလေး၏ ပိုင်ရှင်မှာ လူကုံထံ မာသိုးအိုတစ်ဦးဖြစ်သည်။ ကီနီတို့က ထိုအဘိုးအိုအား တစ်ခါမျှ အနီးကပ်မမြင်ဖူးကြ။ အဝေးမှ လှမ်း၍သာ မြင်ဖူးခဲ့ကြ၏။

တစ်ခါတစ်ရံ အဘိုးအိုသည် ညနေပိုင်းတွင် သူ၏ရဲတိုက်တံခါးဝမှ ထွက်လာပြီး ပင်လယ်ပြင်ကို ရပ်ကြည့်နေတတ်သည်။ ထိုအခါတွင်မှသာ အဘိုးအိုကို ကီနီတို့ မြင်တွေ့ကြရခြင်းဖြစ်၏။

အဘိုးအိုသည် ဖြူဖွေးသော မုတ်ဆိတ်မွေးများ လေထဲတွင် လွင့်ကာ တောင်ဝှေးကို အားပြု၍ရပ်နေသည်။

အဘိုးအို၏ ရဲတိုက်သည် ရွာအပြင်ဘက်ရှိ တောင်ကုန်းကလေးပေါ်တွင် တည်ရှိသည်။ ရဲတိုက်ကို ခြံစည်းရိုး အမြင့်ကြီးဖြင့် ကာရံထား၏။ ကီနီနှင့်ဂျိယတို့သည် ရဲတိုက်ကြီးခြံဝင်းထဲသို့ တစ်ကြိမ်မျှ မဝင်ဖူးကြ။ သို့သော်လည်း တစ်ခါတစ်ရံ ဝင်းတံခါးကြီးဖွင့်ထားသောအခါ သူတို့က အထဲသို့ချောင်းကြည့်တတ်ကြသည်။ အထဲတွင် ဥယျာဉ်ကြီးက အလွန်လှ၏။ သူတို့စိတ်ကူးဖြင့် မှန်းဆ၍ မရလောက်အောင်ပင် လှ၏။

ပထမအကြိမ်



ဥယျာဉ်ထဲတွင် မြက်ခင်းစိမ်းများ မရှိဘဲ ထူထဲသော ရေညှိစိမ်းများသာ ဖုံးလွှမ်းနေသည်။ ထင်းရှူးပင်များနှင့် ဝါးပင်များ အုပ်မိုးထားသည်။ ဥယျာဉ်လုပ်သားများက ရေညှိများကို ဝါးတံမြက်စည်းများဖြင့် နေ့တိုင်း လှည်းကျင်းကြရသည်။ ထို့ကြောင့် ရေညှိများမှာ မြစိမ်းရောင်ကတ္တီပါ ကော်ဇော ခင်းထားသလို ဖြစ်နေ၏။

ရေတိုက်ရှင် အဘိုးအိုသည် တော်ငွေရောင်ဝတ်စုံကို ဝတ်ကာ လက်နှစ်ဖက်ကို နောက်ပစ်လျက် ဆွတ်ဆွတ်ဖြူနေသော ဦးခေါင်းကို ငုံ့ပြီးသစ်ပင်ရိပ်ထဲတွင် လမ်းလျှောက်နေသည်ကို ကီနီနှင့် ဂျိယတို့က အဝေးမှ လှမ်းမြင်ကြရသည်။ အဘိုးအို၏ မျက်နှာတွင် အရေများ တွန့်နေပြီ။ သို့သော် သူ့မျက်နှာက စိတ်ကောင်းရှိမည့်ပုံတော့ မပေါ်လွင်နေသည်။

ကီနီနှင့် ဂျိယတို့က အဘိုးအိုကို တွေ့မြင်ကြသော်လည်း အဘိုးအိုကမူ သူတို့အား လုံးဝ မတွေ့မမြင်ဖူး။

'အဘိုးကြီးဆီမှာ ခွင့်မတောင်းဘဲနဲ့ သူ့ကျွန်းကို တို့လာပြီး ရေကူးကြတာ ကောင်းမှ ကောင်းပါ့မလားလို့ ငါတွေးမိတယ် ဂျိယ'

တစ်နေ့တွင် ပင်လယ်ကမ်းခြေသဲသောင်ပြင်သို့ ရောက်လာချိန်၌ ကီနီက ပြောလိုက်လေသည်။

'သူကိုယ်တိုင် ဘာမှလဲ အသုံးချတာမှ မဟုတ်ဘဲကွာ၊ ဒီကျွန်းမှာက နတ်လွှတ် သမင်တွေပဲ နေတဲ့ဥစ္စာပဲ'

ဂျိယက ပြန်ပြောသည်။

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



မှန်ပါသည်။ တစ်ကျွန်းလုံး နှုတ်လွှတ်သမင်တွေနှင့် ပြည့်နှက်နေ၏။ သမင်တွေက လူကိုမကြောက်ကြ၊ လူတွေကလည်း သူတို့ကို ဘယ်လိုမှ အန္တရာယ်မပြုကြ။ သမင်တွေက ကီနို နှင့် ဂျိယတို့ကို မြင်လျှင် သူတို့၏ လက်ဝါးပြင်ကို နှာခေါင်းကလေးများနှင့် ပွတ်သပ်ကာ အစာတောင်းတတ်ကြ၏။

တစ်ခါတစ်ရံ ကီနိုသည် သမင်ကလေးများအား ကျွေးရန် ကိတ်မုန့်သံဘူးကလေးကို သူ့ခါးတွင် ချည်၍ ယူလာတတ်သည်။ သို့သော် သူ့မှာ ပိုက်ဆံမရှိသည်က များသည်။ ထိုအခါ သူသည် တောခြုံအမြင့်သို့ တက်၍ အဖူးညွန့်ကလေးများကို ခူးကာ သမင်ကလေးများအား ကျွေးသည်။ သမင်ကလေးတွေက အဖူးအညွန့်ကလေးများကို အလွန်ကြိုက်ကြသည်။ သူတို့က ကီနိုအား ကျေးဇူးတင်ဟန်ဖြင့် ကီနို၏ လက်မောင်းပေါ်တွင် သူတို့၏ ဦးခေါင်းလေးများကို ကပ်မှီထားတတ်ကြ၏။

ကီနိုသည် ဤကျွန်းကလေးပေါ်တွင် နေရသည်ကို အလွန်ပျော်သည်။ ဖြစ်နိုင်လျှင် ဤကျွန်းကလေးပေါ်တွင် ညအိပ်ညနေ နေထိုင်ကြည့်ချင်စိတ်ပင် ဖြစ်ပေါ်မိ၏။ သို့သော် ဂျိယက လုံးဝ သဘောမတူ။ ဂျိယသည် ကျွန်းပေါ်တွင် ညနေပိုင်းအထိ နေကြသည့် အချိန်များ၌ ပင်လယ်ပြင်ဘက်ကို အကြာကြီး လှမ်းမျှော်ကြည့်နေတတ်သည်။

'မင်း ဘာကို ကြည့်နေတာလဲ ဂျိယ'

ကီနိုက မေးလိုက်သည်။





'ပင်လယ်ဟာ ဒေါသူပုန် ထလာမလားဆိုတာ ကြည့်နေတာပါ'

ဂျိယက ပြန်ဖြေသည်။ ကီနိုက ရယ်လိုက်ပြီး....

'ဟား...ဟား...မင်း တော်တော် ရူးသေးတာပဲ၊ ပင်လယ်က ဒေါသူပုန် မထပါဘူးကွာ'

'ထပါတယ်ကွာ၊ သိပ်ထပေါ့၊ တစ်ခါတလေ မင်းမတွေ့ဘူးလား၊ ပင်လယ်စောင့်နတ်က ရေပြင်ကိုဖျာလိုလိပ်ပြီး သူ့ခေါင်းနဲ့ပခုံးတွေ ထောင်ကက်လာတာ၊ အဲဒီမှာ လှိုင်းလုံးကြီးတွေ တက်လာလိုက်၊ ပြန်ကျသွားလိုက်နဲ့ပေါ့၊ ပြီးတော့ ပင်လယ်စောင့်နတ်က မတ်တတ်ရပ်ပြီး တအား အော်လိုက်တယ်၊ အဲဒီအချိန်မှာ ရေအောက်က မြေကြီးလဲ သိမ့်သိမ့်တုန်သွားတော့တာပဲ၊ အဲဒီလို အချိန်မျိုးမှာ ငါတော့ ဒီကျွန်းပေါ် မနေရဲပါဘူးကွာ'

'ဒါပေမယ့် သူက ငါတို့ကို ဘာလို့ ဒေါသထွက်မှာလဲကွ၊ ငါတို့က ကလေးတွေပဲဟာ၊ ငါတို့က သူ့ကိုလဲ ဘာမှမလုပ်ပါဘူး'

'ပင်လယ်က ဘာဖြစ်လို့ ဒေါသထွက်သလဲဆိုတာတော့ ဘယ်သူမှ မသိပါဘူးကွာ'

ဂျိယက စိုးရိမ်သံဖြင့် ပြန်ပြောသည်။

သို့သော် ယနေ့တော့ ပင်လယ်ပြင်က ဒေါသမထွက်သည့်မှာ အမှန်ပင်။ နေရောင်က ရေအောက်အထိ ထိုးဖောက်ကာ လင်းကြည်နေသည်။ ကီနိုနှင့်ဂျိယတို့ နှစ်ယောက်သား ငွေရောင် လှိုင်းဂယက်ကလေးများကို လက်ဖြင့် ယက်ကာ

www.burmeseclassic.com



ယက်ကာဖြင့် ကူးခတ်သွားကြ၏။ သူတို့အောက်မှ ရေထုက နှံ့ပေါင်းများစွာ နက်ရှိုင်းသည်။ မည်မျှ မည်မျှ နက်သည်ကို မည်သူမျှ မခန့်မှန်းနိုင်။ အဘယ့်ကြောင့်ဆိုသော် တံငါသည်များက ကြိုးရှည်ကြီးတွင် သံအလေးချည်၍ ရေထဲသို့ ချကြည့်သော်လည်း အောက်ဆုံးကြမ်းခင်းမြေလွှာသို့မရောက်နိုင်သောကြောင့်ဖြစ်၏။ ရေထုကလည်း အဆုံးမရှိ နက်ရှိုင်းသည်။ မြေလွှာကလည်း အဆုံးမရှိသော သမုဒ္ဒရာ ကြမ်းခင်းဆီသို့ လျှောမြန်စွာ လျောဆင်းသွားသည်။

ကီနိုသည် ချောက်ထဲသို့ ဂျက်ဆင့်ပြီး တစ်ဆင့် ငုပ်လျှိုး၍ ဆင်းလာခဲ့သည်။ အေးစက်သော မှုန်မှိုင်းသို့ ရောက်လာသည်။ အအေးဓာတ်က သူ့တစ်ကိုယ်လုံး ရစ်ပတ်ခြုံလွှမ်းထားသည်။ သည်တော့မှ ဂျိုယ ဘာကြောင့် ကြောက်ရသည်ကို သူ သဘောပေါက်မိတော့သည်။

သူ အပေါ်သို့ ပြန်တက်လာခဲ့သည်။ လှိုင်းလုံးကြီးတွေကို ထိုးဖောက်ပြီးတော့မှ နေရောင်အောက်သို့ ရောက်လာခဲ့သည်။

သူသည် သဲသောင်ပြင်ပေါ်တွင် ခြေပစ်လက်ပစ်လှဲချလိုက်သည်။ သူ အလွန် ပျော်သွား၏။

ထို့နောက် သူတို့နှစ်ယောက် သောင်ပေါ်တွင် ကျောက်စရစ်လုံးကလေးတွေ လိုက်ကောက်ကြသည်။ ကျောက်စရစ်ကလေးတွေက အလွန်လှသည်။ ချစ်စရာ အလွန်ကောင်းသည်။ တချို့က အပြာရောင်၊ တချို့က အနီရောင်၊ တချို့က မြစိမ်းရောင်၊ တချို့က ရွှေဝါရောင်။





သူတို့သည် ခါးတွင် ချည်ထားသော အိတ်ကလေးတွေထဲသို့ ကျောက်စရစ်ကလေးတွေအပြည့်ကောက်ထည့်ကြသည်။ ဂျိုယ၏ အမေသည် သူ့ကျောက်တုံးဥယျာဉ်ထဲတွင် ကျောက်စရစ်ပန်းကလေးခင်းနေသည်။ 'သမင်' ကျွန်းက ကျောက်စရစ်တုံးကလေးတွေလို ပြောင်လက်လှပတာ ဘယ်မှာမှမရှိ။

သူတို့သည် သောင်ပြင်ကို ဖြီးဖြန့်လာသောအခါ နောက်ဘက်ရှိ ထင်းရှူးတောသို့ဝင်၍ လိုဏ်ခေါင်းများကို ရှာဖွေကြ၏။ သူတို့အမြဲဘမ်း သွားနေကျလိုဏ်ခေါင်း တစ်ခုရှိသည်။ သို့သော် အထဲကိုတော့ နက်နက်ရှိုင်းရှိုင်း မဝင်ရဲကြ။ အဘယ့်ကြောင့်ဆိုသော် လိုဏ်ခေါင်းက အပေါက်နက်ပြီး ပင်လယ်ရေအောက်ထိ ရောက်သွားနိုင်သောကြောင့်ဖြစ်သည်။

ဤသည်ကို သူတို့သိကြသည်။ လိုဏ်ခေါင်းတစ်ဖက်စွန်းတွင် ပင်လယ်ပြင်က ရေမရေအိုင်ကြီးပမာ တည်ရှိနေသည်။ ဒီရေခေါက်က လိုဏ်ခေါင်းထဲသို့ ဝင်ရောက်လာလိုက် ပြန်ကျသွားလိုက် ဖြစ်နေကြ၏။ တစ်ခါတစ်ရံတွင် ရေတွေက ပြိုးပြိုးပြက်ပြက် အရောင်တလက်လက် တောက်နေကြသည်။ ရေမျက်နှာပြင်အောက်တွင် မှန်အိမ်မီးတွေ ထွန်းညှိထားသလား ထမ်မှတ်ရ၏။ တစ်ခါတုန်းက သောင်ပြင်ကျောက်ဆောင်ကြားတွင် အရောင်တလက်လက် ထွက်နေသော ငါးတစ်ကောင် သေနေသည်ကို သူတို့တွေ့ခဲ့ရဖူးသည်။

လိုဏ်ခေါင်းထဲဝင်သွားလျှင် သူတို့၏လက်များ အရောင်တလက်လက် ထွက်လာကြသည်။ အပြင်ဘက်နေရောင်အောက်သို့ ပြန်ထွက်လာသောအခါ အရောင်တွေ အလိုလိုပျောက်



www.burmeseclassic.com

www.burmeseclassic.com



ကွယ်သွားကြ၏။ လိုဏ်ခေါင်းထဲ ပြန်ဝင်သွားသောအခါ အရောင်တွေ ပြန်ထွက်လာကြပြန်သည်။

ဂျီယသည် ကျွန်းကလေးပေါ်တွင် ပျော်သော်လည်း နေကို မကြာခဏ ကြည့်တတ်၏။ ယခုလည်း သူသည် သောင်ပြင်ပေါ်သို့ ပြေးထွက်လာပြီး နေကို လှမ်းကြည့်လိုက်သည်။ နေလုံးကြီးသည် အနောက်ဘက်သို့ လျှောဆင်းစပြုနေလေပြီ။ သူက ကီနိုကို လှမ်းခေါ်လိုက်သည်။

'မြန်မြန်လာဟေ့....တို့အိမ်ဘက်ကို ပြန်ကူးကြတော့မယ်'

ဆည်းဆာရောင် ပက်ဖျန်းထားသော သမုဒ္ဒရာထဲသို့ နှစ်ယောက်သား ခုန်ဆင်းလိုက်ကြ၏။ နွေးထွေးနူးညံ့သော ရေပြင်က သူတို့ကို ပွေ့ဖက်ထားသည်။ နှစ်ယောက်သား ဘေးချင်းယှဉ်ကာ ရေလက်ကြားကို ဖြတ်ကူးလာကြ၏။

ကမ်းပေါ်မှာတော့ ဂျီယ၏အဖေက သူတို့အား စောင့်မျှော်နေသည်။ သူသည် သောင်ပြင်ပေါ်တွင် မတ်တတ်ရပ်ကာ မျက်လုံးများကို လက်နှစ်ဖက်ဖြင့် နေရောင်ကာပြီး ပင်လယ်ပြင်ကို လှမ်းကြည့်နေ၏။

ရေထဲမှ ဦးခေါင်းမည်းမည်းနှစ်ခု ပေါ်လာသောအခါ သူက အော်ခေါ်လိုက်ပြီး ရေထဲသို့ ဆင်းလျှောက်လာသည်။ ထို့နောက် ကလေးတွေကို လက်တစ်ဖက်စီ ကမ်းကာ ဖြူဖွေးနေသော လှိုင်းလုံးထဲမှ ဆွဲတင်လိုက်လေသည်။

'မင်းတို့နှစ်ယောက် အရင်က ဒီလိုနောက်မကျဖူးပါဘူး'

ဂျီယ၏အဖေက စိုးရိမ်သံဖြင့် ပြောသည်။





'ကျွန်တော်တို့ လိုဏ်ခေါင်းထဲ ဝင်ကြည့်နေကြလို့ပါ အဖေ'

ဂျီယက ပြန်ပြောလိုက်သည်။

ဂျီယ၏အဖေက ဂျီယ၏ ပခုံးနှစ်ဖက်ကို သူ့လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လျက်—

'အေး...နောက်ဆိုရင် သိပ်ပြီး ကြာကြာမနေကြနဲ့'

ကီနိုက ဂျီယအဖေ၏ မျက်နှာကို အကဲခတ်ကြည့်လိုက်၏။ သန်မာထွားကျိုင်းသော တံငါသည်ကြီး၏ မျက်နှာပေါ်တွင် ပင်လယ်၏ ဒေါသမာန်ကို ကြောက်လန့်သော အရိပ်လက္ခဏာများ ပေါ်လွင်နေလေသည်။

ကီနိုသည် ဂျီယတို့သားအဖအား နှုတ်ဆက်ကာ သူတို့အိမ်ရှိရာ တောင်ကုန်းပေါ်သို့ တက်လာခဲ့လေသည်။ အိမ်သို့ရောက်သောအခါ သူ့မိခင် ညစာပြင်နေသည်နှင့် အဆင်သင့်ကြုံသည်။ ထမင်းပူပူ၊ ကြက်စွတ်ပြုတ်နှင့် ငါးဟင်းနံ့တို့က သွားရည်ကျစရာဖြစ်သည်။

တစ်အိမ်သားလုံးတွင် ကီနိုနောက်ကျနေ၍ မည်သူမျှမပူကြ။ ကီနို၏အဖေက မျက်နှာသစ်နေ၏။ ညီမငယ် ဆက်ဆုက ထမင်းစားတူများကို သွားယူနေသည်။

မကြာမီတွင် သူတို့အားလုံး ဖျာခင်းပြီး ၎လေးထောင့်ခုံနိမ့်ကလေးကို ဝိုင်းဖွဲ့ထိုင်ကြသည်။ မိဘများက သားနှင့်သမီးတို့၏ ပန်းကန်များတွင် ထမင်းနှင့်ဟင်းများ ထည့်ပေးကြသည်။ ဘယ်သူမျှ စကားမပြောကြ။ ထမင်းဟင်း မထည့်ရသေးမီသော်လည်းကောင်း၊ စားနေစဉ်တွင်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း စကားပြောခြင်းသည် ယဉ်ကျေးမှုမရှိဟူ၍ ဂျပန်ရိုးရာအရ ယုံကြည်ကြ၏။

ထမင်းစားပြီးသွားသောအခါ ဖခင်ဖြစ်သူက ပူနွေးနွေး ဆာကေးအရက် အနည်းငယ်ကို ခွက်ကလေးနှင့် ထည့်၍ သောက်နေသည်။ မိခင်ဖြစ်သူက စားသောက်ပြီးသော ပန်းကန်ခွက်ယောက်များကို သိမ်းဆည်းနေ၏။

ကီနိုက သူ့အဖေဘက်သို့ လှည့်၍မေးလိုက်သည်။

'ဒါနဲ့ အဖေ၊ ဂျီယက ပင်လယ်ကို ဘာဖြစ်လို့ ကြောက်တာလဲ ဟင်'

'ပင်လယ်က သိပ်ကြီးတာကိုးကွယ့်၊ ပင်လယ် ဘယ်ကစပြီး ဘယ်မှာ ဆုံးတယ်ဆိုတာ ဘယ်သူမှ မသိကြဘဲကိုး'

'ဂျီယသာမဟုတ်ဘူး၊ သူ့အဖေလဲ ပင်လယ်ကို ကြောက်တာပဲ အဖေ'

'တို့က ပင်လယ်အကြောင်းကို မသိတော့ မကြောက်ကြတာပေါ့ သားရယ်'

'ကျွန်တော်တော့ အခုလို ကုန်းပေါ်မှာနေရတာ သိပ်ဝမ်းသာတာပဲ၊ ကျွန်တော်တို့က ယာတောမှာ နေရတော့ ကြောက်စရာမလိုဘူးပေါ့'

'ကုန်းပေါ်မှာ နေတဲ့လူလဲ ကြောက်ရတာပဲကွယ့်၊ ပြီးခဲ့တဲ့ ဆောင်းဦးက တို့သွားခဲ့တဲ့ မီးတောင်ကြီးကို မင်း မှတ်မိတယ်မဟုတ်လား'

ကီနို ကောင်းကောင်း မှတ်မိပါသည်။ နှစ်စဉ်နှစ်တိုင်း ဆောင်းဦးပေါက် ကောက်ရိတ်ပြီးချိန်တွင် မိသားစုအား





လုံး အပန်းဖြေခရီး ထွက်လေ့ရှိကြ၏။ ... ဆိုဆိုကလေးပင် ခြေလျင်လျှောက်၍ လိုက်သည်။ စားစရာရိက္ခာထုပ်များနှင့် အိပ်ရာလိပ်များကို ကျောပေါ်သိမ်းပြီး တောင်ဝှေးရှည်ကြီးများ မသာက်ကာ တောင်ကမ်းပါးယံသို့ တက်ကြသည်။ ဤသို့ အဓိကရနေရာဒေသများသို့ သွားရောက်ရသောအခါ သူတို့၏ နေ့စဉ်လုပ်ငန်းများမှ အနားရ၍ စိတ်လန်းကိုယ်လန်းဖြစ်ကြရ၏။ ယင်းသို့ ခရီးထွက်လျှင် သူတို့အိမ်နှင့် ကြက်ငှက်ကို အိမ်နီးချင်းများက စောင့်ရှောက်ပေးကြ၏။

သူတို့မိသားစုသည် လွန်ခဲ့သောနှစ်ကလည်း မိုင် ၂၀ ဝေးသော မီးတောင်ကြီးသို့ သွားရောက်ခဲ့ကြသည်။ ကီနိုက ဤမီးတောင်ကြီးအကြောင်းကို ကြားသ ကြားဖူးသည်။ ယခင်က တစ်ခါမျှ မရောက်ဖူး၊ ရာသီဥတုသာယာသောနေ့များတွင် သူတို့ယာတောနောက်ဘက်ရှိ တောင်ကုန်းပေါ်မှ ကြည့်လိုက်လျှင် ဟိုအဝေးကြီး မိုးကုပ်စက်ဝိုင်းအစွန်းတွင် ယပ်တောင်ပုံမဲ့ပြာရောင်တိမ်ထုကြီးကို သူမြင်ရသည်။ ထိုအရာသည် မီးတောင်ကြီးမှထွက်နေသော မီးခိုးဆိုင်ကြီး ဖြစ်သည်ဟု ကီနိုအား သူ့အဖေက ပြောဖူး၏။ တစ်ခါတစ်ရံ ယာတောအောက်မှ မြေထုကြီးပင် လှုပ်ခါသွားတတ်သည်။ ဤသည်မှာလည်း မီးတောင်ကြောင့်ပင် ဖြစ်သည်ဟု ဆို၏။

ဟုတ်ပါသည်။ မီးတောင်ကြီး၏ ပါးစပ်ကျယ်ကြီးကို ကီနို ကောင်းကောင်း မှတ်မိနေသေး၏။ သူက ပါးစပ်ကျယ်ကြီး အထဲသို့ ချောင်းကြည့်သည်။ အထဲတွင် အဝါရောင်နှင့် အနက်ရောင် မီးခိုးလိပ်ကြီးများ တွန့်လိမ်လှုပ်ရှားနေကြသည်။



www.burmeseclassic.com

ထောင့်တစ်နေရာတွင် ကျောက်ဆောင်က အရည်ပျော်ကျပြီး အဖြူရောင်စီးကြောင်းတစ်ခု ဖြစ်ပေါ်နေ၏။

ကီနို့က မီးတောင်ကို မကြိုက်၊ မီးတောင်ပေါ်တွင် ကြာကြာမနေချင်၊ အိမ်သို့သာ အမြန်ပြန်သွားချင်၏။

သူသည် အိပ်ရာထဲတွင် နွေးနွေးထွေးထွေး စောင်ခြုံပြီး လှဲနေရင်းမှ တစ်ခါတစ်ခါ မီးတောင်ကြီးကို မြင်ယောင်လာမိသည်။ သူတို့အိမ်သည် မီးတောင်ကြီးနှင့် အဝေးကြီးတွင်ရှိနေသည့်အတွက် အလွန်ဝမ်းသာမိ၏။ အနည်းဆုံးတော့ တောင်သုံးလုံးခြားသည်။

ကီနို့သည် ထမင်းစားခုံကို မျက်လုံးကျော်ပြီး သူ့အဖေအား မေးလိုက်သည်။

'အဖေ....ကျွန်တော်တို့ဟာ ဒီလိုဖဲ တစ်ခုခုကို ကြောက်နေကြရမှာလား ဟင်'

ဖခင်က သားဖြစ်သူဘက်သို့ မျက်နှာ လှည့်ကြည့်သည်။ ကီနို့၏ အဖေမှာ ကိုယ်လုံးကိုယ်ဟန် ပိန်သော်လည်း သန်မာသည်။ အလုပ်ကြမ်း လုပ်ရသောကြောင့် သူ့လက်မောင်းနှင့် ခြေသလုံးကြွက်သားများမှာ လုံးကျစ်နေကြ၏။ လက်ဖဝါးပြင်ကလည်း ကြမ်းသည်။ သို့သော် သန့်ရှင်းသည်။ သူသည် တစ်ခါတစ်ရံ ကောက်ရိုးဖိနပ် စီးသော်လည်း များသောအားဖြင့် ဖိနပ်စီးလေ့မရှိ၊အိမ်ထဲသို့ ဝင်လာလျှင် အမြဲတမ်း ဖိနပ်ချွတ်သည်။ အိမ်ထဲတွင် မည်သူမျှ ဖိနပ် မစီးကြ။ ထို့ကြောင့် ကြမ်းခင်းများ အမြဲသန့်ရှင်းနေ၏။





အတန်ကြာတော့မှ ဖခင်က သားဖြစ်သူ၏ အမေးကို ပြန်ဖြေသည်။

'ဟုတ်တယ်၊ သားပြောသလိုပဲ တို့တစ်တွေဟာ တစ်ခုခုကို အမြဲတမ်း ကြောက်နေကြရတာပဲ၊ ဒါပေမယ့်ကြောက်နေရုံနဲ့ မပြီးဘူး၊ အန္တရာယ်နဲ့ အတူတူနေတတ်အောင် တို့တစ်တွေ ကြိုးစားကြရမယ်'

'ဒါဆို သားတို့က မကြောက်ဘူးဆိုရင် ဒီပင်လယ်ကြီးနဲ့ မီးတောင်ကြီးတွေက သားတို့ကို ဘာမှ မလုပ်နိုင်ဘူးပေါ့နော်'

'ဟင့်အင်း၊ အဖေပြောတာ အဲဒီလို မဟုတ်ဘူး၊ ပင်လယ်နဲ့ မီးတောင်ကတော့ အမြဲရှိနေကြမှာပဲ၊ တစ်နေ့နေ့မှာ ပင်လယ်ကလဲ မုန်တိုင်းထပြီး လှိုင်းကြီးလာမှာပဲ၊မီးတောင်ကလဲ မီးတောက်ကြီးတွေ ထွက်လာမှာပဲ၊ဒါကို တို့က လက်ခံရမယ်၊ ကြောက်စိတ် မရှိဘဲနဲ့ လက်ခံရမယ်၊ ''ငါဟာ တစ်နေ့တော့ သေကို သေရမှာပဲ၊ ပင်လယ်လှိုင်းဒဏ်ကြောင့်ပဲ သေမှာလား၊ မီးတောင် ပေါက်ကွဲလို့ပဲ သေမှာလား၊ ဒါမှမဟုတ် အသက်ကြီးလို့ အိုမင်းပြီးပဲ သေမှာလား၊ ဘာနဲ့ပဲ သေသေ ကြောက်စရာ မဟုတ်ပါဘူး'' တို့က အဲဒီလိုသဘောထားကြရမယ်'

'ကျွန်တော်တော့ ဒီအကြောင်းတွေ မစဉ်းစားချင်ဘူး အဖေ'

'ကောင်းတယ်၊ဒီအကြောင်းတွေမစဉ်းစားတာဟာအကောင်းဆုံးပဲ၊ အဲဒါဆိုရင် မကြောက်တော့ဘူးပေါ့၊ ကြောက်နေ

www.burmeseclassic.com



ရင် ဒီအကြောင်းပဲ စဉ်းစားနေလိမ့်မယ်၊ အသက်ရှင်နေတုန်း စိတ်ချမ်းသာအောင်နေ၊ သေမှာကို မကြောက်နဲ့၊ မတွေးနဲ့၊ ဒါဟာ တို့ဂျပန်လူမျိုးတို့ရဲ့ ဗီဇစိတ်ဓာတ်ပဲ'

လူ့ဘဝတွင် စိတ်ချမ်းသာစရာတွေ အများကြီးရှိသည်။ ကီနိုသည် နေ့တိုင်း စိတ်ချမ်းသာ နေရ၏။ ဆောင်းရာသီတွင် သူသည် တံငါရွာမှ ကျောင်းသို့သွားကက်သည်။ အတန်းထဲတွင် သူနှင့် ဂျိုယကို ထိုင်ခုံချင်းကပ်လျက် ထိုင်ကြ၏။ ဆရာသင်ပြသမျှ အရေး၊ အဖတ်၊ အတွက် သင်ခန်းစာများကို ကြိုးစား သင်ယူကြသည်။

သို့သော် နွေရာသီကျတော့ ကီနိုမှာ ယာတောတွင် ဖခင်အား ကူညီရ၏။ ညီမလေးဆက်ဆုနှင့် မိခင်တို့ကလည်း ပျိုးကြဲချိန်၊ စပါးလှေ့ချိန်နှင့် ဆန်ဖွတ်ချိန်တို့တွင် ကူညီလုပ်ကိုင်ကြရ၏။ ယင်းသို့အလုပ်များသော အချိန်တွင် ကီနိုမှာ တောင်ကမ်းပါးယံမှ ပြေးဆင်းကာ ဂျိုယထံသို့ မသွားနိုင်။ တစ်နေကုန်၍ အလုပ်မပြီးသောအခါ သူ့မှာ အလုပ်ပန်းလှသောကြောင့် ညစာစားရင်းပင် အိပ်ပျော်သွားတတ်၏။

သူ့လိုပင် ဂျိုယမှာလည်း ကစားချိန် မရလောက်အောင် အလုပ်များသော နေ့တွေကြုံရတတ်သည်။ ရေလက်ကြားတွင် ငါးတွေ အုပ်လိုက်တွေ့ခဲ့ကြောင်း ကမ်းခြေမှ တက်လာသော တံငါများက ပြောလျှင် ခဏချင်း သတင်းပြန့်သွားတော့သည်။ ထိုအခါ တစ်ရွာလုံးတွင်ရှိသမျှ တံငါလှေတွေ တက်ကြွက်ပြင်ကာ ပင်လယ်ပြင်သို့ အလျင်အမြန် လွှင့်ကြတော့သည်။

ပထမအကြိမ်



ဂျိုယနှင့် သူ့အဖေတို့လည်း မနက်အစောကြီး ကတည်းက ထကြရသည်၊ တစ်ခါတစ်ရံ ဝင်ခါနီး လရောင်ပင်ရှိနေသေးဖြစ်သည်။ ထိုအချိန်တွင် သားအဖနှစ်ယောက် ဘောင်ငွေရောင် ရေပြင်တွင် လှေကလေးကို လှော်ခတ်လာပြီး အရုဏ်တက်ချိန်တွင် ငါးဖမ်းပိုက်များကို ရေထဲချကြ၏။

အချိန်တန်၍ ပိုက်များကို ပြန်ဖော်သောအခါ ငါးတွေ ပြွတ်ခဲပါလာကြ၏။ ဤသို့လျှင် ပြောင်လက် လူးလွန့်နေသော ငါးများဖြင့် တစ်လှေလုံး ပြည့်လျှံသွားတော့သည်။

တစ်ခါတစ်ရံ အိမ်တွင် ကူညီလုပ်ကိုင်စရာ မရှိသောအခါ ကီနိုသည် ဂျိုယတို့သားအဖနှင့်အတူ ငါးဖမ်းလိုက်တတ်သည်။ မနက် အရုဏ်မတက်မီ အိပ်ရာမှ ထရသည်မှာ စိတ်လှုပ်ရှားစရာ ကောင်းလှ၏။ အနွေးထည် အပေါ်အင်္ကျီကို ခါးမှ စုချည်လိုက်သည်။ အရုဏ်တက်ချိန်တွင် နွေရာသီမှာတောင်မှ ပင်လယ်လေ အေးစက်နေ၏။

ကီနိုအစောကြီးထလျှင် သူ့အမေကလည်း အစောကြီး ထိုက်ယသည်၊ ကီနို ပင်လယ်ထွက်ခင် ဆံပြုက်ပူပူတစ်ခွက်၊ ပဲဒိန်ခဲနှင့် လက်ဖက်ရည်ကြမ်း ပူပူတစ်ခွက် ကျွေးသည့်သို့ နောက် ထမင်းကြမ်း၊ ငါးဟင်းနှင့် မုန်လာဥချဉ်ဖတ်တို့ကို သစ်သားဘူးကလေးထဲထည့်ကာ နံနက်စာ ပြင်ဆင်ပေး၏။

ကီနိုသည် ကျောက်တုံးလှေကားထစ်လမ်းအတိုင်း တောင်ပေါ်မှ ပြေးဆင်းလာခဲ့သည်။ ဆိပ်ကမ်းကျဉ်းကျဉ်းကလေးထဲတွင် ငါးဖမ်းလှေကလေးများ ဒီရေနှင့်အတူ တောင်ခင်ခတ်နေကြ၏။

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဂျိုယာတို့ သားအဖကာ ကျိုးတင်ရောက်နှင့်နေကြပြီ။ မကြာမီတွင် လှေကလေးသည် ကျောက်ဆောင်တွေကြားမှ ခေါင်းပြူကာ ပင်လယ်ပြင်သို့ ဦးတည်ထွက်ခွာလာခဲ့တော့သည်။

ရွက်တိုင် ထူလိုက်သည်။ လေကြောင်း သင့်သောကြောင့် လှေကလေးသည် ရေပြင်ပေါ်တွင် လေနှင့်အတူ ဒုန်းပြေး နေလေ၏။

ကိုနီသည် လှေဦးပိုင်းကြမ်းပြင်တွင် ဝပ်၍ လိုက်ပါလာသည် သူ့ရင်ထဲတွင်လည်း အလွန်ပျော်နေသည်။ ကမ်းခြေက သူတို့နောက်တွင် အဝေးကြီး ကျန်နေရစ်ခဲ့ပြီ။ လှေကလေးသည် သမုဒ္ဒရာ ရေနက်ပိုင်းသို့ ရောက်လာခဲ့ပြီ။

မကြာမီတွင် ငါးဖမ်းလှေတွေအားလုံး ဆုံမိကြ၏။ အားလုံးစုပြီး ငါးဖမ်းပိုက်များ ချကြသည်။ ငါးဖမ်းလှေကလေးများကို မြင်ရသည်မှာ ကောင်းကင်တွင် ငှက်ကလေးတွေ တစ်စုတစ်ဝေးတည်း အုပ်ဖွဲ့ပျံသန်းနေကြသည်နှင့်ပင်တူတော့သည်။

ငါးတွေမိနေသောပိုက်ကို ဆွဲတင်ရသည်မှာလည်း အလွန်စိတ်လှုပ်ရှားစရာ ကောင်းသည်။ ဤအခါမျိုးတွင် ဂျိုယက သူ့ထက်ကောင်းသည်ဟု ကိုနီက တွေးမိတတ်၏။ ငါးဖမ်းရတာက သယ်လုပ်ရတာထက်အများကြီးလွယ်ကူလှပါကလား ဟုလည်း တွေးမိ၏။

‘ငါ့အဖေလဲ မင်းအဖေလို တံငါဖြစ်ရင် ဘယ်လောက် ကောင်းလိမ့်မလဲ၊ လယ်ထွန်ရတာ၊ စပါးစိုက်ရတာ၊ ကောက်





ရိတ်ရတာတွေက သိပ်ပင်ပန်းပါတယ်ကွာ၊ အခုလို ပင်လယ်ထဲက ငါးတွေ ဖမ်းရတာ သိပ်လွယ်တာပဲ

ကိုနီက ဂျိုယအား ပြောလိုက်၏။ ဂျိုယက ဦးခေါင်းကို ခါယမ်းလိုက်ပြီ —

‘မင်းထင်သလို မလွယ်ပါဘူးကွာ၊ မုန်တိုင်း တိုက်လာရင် မင်း ကုန်းပေါ် အမြန်းဆုံး တက်ပြေးချင်မှာပဲ၊ ဟဲ...ဟဲ၊ ထမင်းမပါရင် ငါးဟင်းက ဘယ်လိုနေမလဲကွ၊ ထမင်းမပါဘဲ ငါးချည့်သက်သက် မင်းပဲ စားကြည့်စမ်းပါဦး’

‘တို့အဖို့ လယ်သမားတွေကိုရော၊ တံငါတွေကိုရော မရှိမဖြစ် လိုအပ်တာပေါ့’

ဂျိုယ၏အဖေက ကြားဝင်ပြောလိုက်၏။

*　　　*　　　*

ကောင်းကင် ကြည်လင်သာယာပြီး လေငြိမ်သောနေ့များတွင် သမုဒ္ဒရာရေပြင်သည် အပြာရောင်ကမ္ဗလာခင်းထားသည့်နှယ် ပြာကြည်ပြီး ငြိမ်သက်နေ၏။ ထိုအခါမျိုးတွင် ရေမျက်နှာတစ်ပြင်လုံး ပွက်ပွက်ဆူကာ လှိုင်းလုံးကြီးတွေ တရကြမ်း ခုန်ပေါက်တက်ကြွလာတတ်ကြသည် ဆိုသည်ကို မယုံနိုင်စရာပင် ဖြစ်သည်။ သို့သော် နွေးထွေးသော အပြာရောင်ရေပြင်လွှာ အောက်တွင် ရေထုက အေးပြီး စိမ်းနေသည်ဆိုတာကိုတော့ ကိုနီ ဘယ်တော့မှ မမေ့။



www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည်အောက်တွင် ရေနက်ပိုင်းသည် ငြိမ်သက်နေ၏၊ သို့သော် ရေနက်ပိုင်း လှုပ်ရှားလာပြီး ဗလောင်ဆူ ပွက်လာချိက်လာသောအခါတွင်ကား သူ့အဖေက တံငါသည် မဖြစ်ဘဲ လယ်သမား ဖြစ်နေသည့်အတွက် ကိန္နိ အလွန်ဝမ်းသာမိ၏။

သို့သော် တစ်နေ့သောအခါတွင်ကား ရွာမ လှိုင်းလုံးကြီးများကိုခေါ်ဆောင်လာသည်မှာ သမုဒ္ဒရာမဟုတ်၊ ပဲခူး မြစ်ပြင် ဖြစ်လေသည်။ သမုဒ္ဒရာ ရေမျက်နှာပြင်အောက် မိုင်ပေါင်းများစွာ နက်ရှိုင်းသော ကြမ်းပြင် မြေလွှာတွင် ရေတသည် ကြည့်လင် စိမ်းဖန့်နေ၏။ မီးလျှံကြီးသည် ထိုသမီ မြေလွှာထဲမှ ပေါက်ကွဲပေါ်ထွက်လာခြင်း ဖြစ်၏။ မရေခဲစာမျှ အေးစက်သော ရေတုသည့်ကိုမီးလျှံကို မငြိမ်းသတ်နိုင်ပါချေ။

ရေထုအောက်ရှိ ကျောက်ဆောင်များသည် မီးလျှံ၏ အပူရှိန်ကြောင့် အရည်ပျော်သွားကြပြီး သမုဒ္ဒရာ ကြမ်းပြင်တွင် ဆူပွက်နေကြသည်။ အပေါ်က ရေထုကြီးဖိထားသောကြောင့် ကျောက်ဆောင်ချော်ရည်များသည် ရေမျက်နှာပြင်ပေါ်သို့ ဖောက်ထွင်းပေါ်ထွက်၍ မလာနိုင်ကြချေ။

နောက်ဆုံး၌ အပူငွေ့သည် အလွန်ပြင်းထန်လာကာ မီးတောင်၏ပါးစပ်ပေါက်မှ အတင်းဖောက်ထွင်း ပေါ်ထွက်လာလေ၏။

ထိုနေ့က ကိန္နိသည် သူ့ဖခင်နှင့်အတူ မုန့်လာပင်များပျိုးနေစဉ် ကောင်းကင်တစ်ပြင်လုံး တိမ်မည်းများ ဖိတ်ဖုံးလာသည်ကို မြင်ရလေသည်။

ပထမအကြိမ်



'ဟာ—ဟိုမှာ—ဟိုမှာ ကြည့်လိုက်ပါဦး အဖေ၊ မီးတောင်ကြီး မီးတွေလောင်နေပြီ' ဟု ကိန္နိက အလန့်တကြား အော်ပြောလိုက်၏။

သူ့အဖေက အလုပ်ကိုရပ်ကာ စိုးရိမ်တကြီး လှမ်းကြည့်လိုက်သည်။

'ဟုတ်တယ်၊ မီးတောင်ကြီး အကြီးအကျယ် ဒေါသထွက်နေပုံပဲ၊ ဒီညတော့ ငါ အိပ်လို့မဖြစ်တော့ဘူး'

ထိုညတွင် တစ်အိမ်သားလုံး အိပ်နေကြစဉ် ကိန္နိ၏အဖေက မအိပ်ဘဲ ထိုင်စောင့်နေ၏။ ညဉ့်နက်လာသောအခါ ကောင်းကင်သည် နီရဲလာပြီး ယာတဲအောက်မှ မြေကြီးသည် တုန်ခါသွားလေ၏။

တောင်အောက်ရှိ တံငါရွာမှ တဲအိမ်ကလေးများတွင် မှိတ်တုတ်မှိတ်တုတ်အလင်းရောင်များကို လှမ်းမြင်ရ၏။ သူတို့လည်း ကိန္နိ၏အဖေလိုပင် မအိပ်ဘဲ ထိုင်စောင့်နေကြခြင်းဖြစ်သည်။ ဖအေများသည် ယခုကဲ့သို့ပင် မျိုးဆက်ပေါင်းများစွာ ပင်လယ်ပြင်နှင့် မြေကြီးတို့ကို စောင့်ကြည့်နေခဲ့ကြရသည် မဟုတ်ပါလား။

* * *

အရုဏ်ကျင်း၍ မိုးလင်းခဲ့လေပြီ။ နံနက်ခင်း အလင်းရောင်သည် ထူးထူးခြားခြား ထိန်လင်းနေသည်။ ကောင်းကင်တစ်ပြင်လုံးလည်း ရဲရဲတောက်နေ၏။

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



မီးတောင်မှ လွင့်လာသော ပြာမှုန့်များသည် ယာတော ပေါ်သို့ ကျလာကြသည်။ ကီနို၏စိတ်ထဲတွင် တစ်မျိုးကြီး ခံစားမိ၏။

သူသည် မြေကြီးပေါ်သို့ ဖိနပ်မပါဘဲ ခြေချလိုက်စဉ် သူ့ ခြေဖဝါးများ ပူလာသလိုခံစားမိ၏။ အိမ်ထဲတွင် ကီနို၏ အမေသည် ကျက်ွနိုင်သော ပစ္စည်းများကို နံရံပေါ်မှ သိမ်း ဆည်းနေသည်။ အကောင်းစား ပန်းကန်ခွက်ယောက်အချို့ ကို ခြင်းတောင်းထဲတွင် ကောက်ရိုးခံထည့်ကာ ဘေးကင်းရာ တွင် သွား၍ချထား၏။

'လျှောင်လှုပ်မယ်နဲ့တူတယ်၊ အမေ....နော်'

နံနက်စာ စားနေကြစဉ် ကီနိုက မေးလိုက်၏။

'ငါလဲ အတိအကျ မပြောနိုင်ဘူး သား။ မြေကြီးဖောက် မှာ မီးလောင်နေတယ်၊ အဲဒါကို မြေကြီးနဲ့ သမုဒ္ဒရာတို့ ပေါင်းပြီး ပြန်တိုက်နေကြတယ်'

ထိုနေ့မနက်တွင် မည်သည့်ငါးဖမ်းလှေမှ ပင်လယ်ပြင်သို့ မထွက်ကြ။ ပင်လယ်ပြင်တွင် လုံး၀ လေငြိမ်နေသည်။ ရေ မျက်ပြင်ကလည်း ဆီတွေလောင်းထားသလို ပြောင်လက်ပြီး ပကတိငြိမ်သက်လျက်ရှိ၏။ ရေပြင်အရောင်က ခရမ်းပုပ် ရောင်၊ ကျောက်သရေရှိပြီး အမြင်လှ၏။ သို့သော် ကီနိုကတော့ ပင်လယ်ပြင်ကို ကြည့်ပြီး ကြောက်နေမိလေသည်။

'ပင်လယ်က ဘာဖြစ်လို့ ဒီလို အရောင်ဖြစ်သွားတာလဲ ဟင်'

ကီနိုက သူ့အမေအား မေးလိုက်သည်။

ပထမအကြိမ်



'ကောင်းကင်က ပင်လယ်ပြင်မှာ အရိပ်လာထင်တာ၊ ပင် လယ်ရယ်၊ မြေကြီးရယ်၊ ကောင်းကင်ရယ်....ဒီသုံးခုပေါင်းပြီး လူတွေကို အန္တရာယ်ပြုလာရင် သိပ်ပြီး ကြောက်စရာကောင်း တယ်'

'ဒါနဲ့ ဒီအချိန်မှာ နတ်တွေက ဘယ်ရောက်နေကြသလဲ အမေ၊ သူတို့က လူတွေကိုလာပြီး ဘာဖြစ်လို့ မစောင့်ရှောက် ကြတာလဲ ဟင်'

'နတ်တွေက တစ်ခါတလေ လူတွေကို မကူညီကြဘူး၊ ဒီအတိုင်းပဲ ပစ်ထားတတ်ကြတယ်၊ လူတွေက သူတို့ကိုယ် သူ တို့ ကာကွယ်စောင့်ရှောက်ကြအောင်လို့၊ လူတွေဟာ သူတို့ ဘာသာသူတို့ ဘယ်လောက်ထိ ကာကွယ်နိုင်ကြသလဲဆိုတာ စမ်းသပ်ခိုင်းတဲ့ သဘောပေါ့'

'ဒါဆိုရင် လူတွေက ကိုယ့်ကိုယ်ကိုယ် မကာကွယ်နိုင်ကြ ရင် ဘယ်လိုလုပ်မလဲ'

'ကာကွယ်နိုင်ရမှာပေါ့၊ ကြောက်တဲ့ စိတ်ဝင် လာ ရင် လူတွေမှာ အားနည်းသွားတယ်၊ အားမရှိတော့ဘူး၊ ကြောက် လာရင် လက်တွေတုန်လာတယ်၊ ခြေတွေယိုင်လာတယ်၊ အဲဒီ အခါ လက်တွေခြေတွေကို ဦးနှောက်ကလဲ ခိုင်းလို့မရတော့ ဘူး'

ထိုနေ့တွင် တစ်အိမ်သားလုံး တုတ်တုတ်မလှုပ်ဘဲ အိမ်ထဲ တွင် ကုပ်နေကြသည်။ ကီနို၏အဖေက တံခါး၀တွင်ထိုင်ကာ ကောင်းကင်နှင့် ပင်လယ်ကို စောင့်ကြည့်နေသည်။ ကီနိုက သူ့အဖေအနီးတွင် ထိုင်နေ၏။

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဤအချိန်တွင် ဂျိုယာတစ်ယောက် ဘာလုပ်နေမည်ဆိုတာ ကီနို မသိ။ သို့သော် ဂျိုယာလည်း မိမိလိုပင် သူ့အဖေ့အနီးတွင် ထိုင်နေလိမ့်မည်ဟုတော့ ကီနိုက ထင်မိ၏။

သည့်လိုနှင့် မွန်းတည့်ချိန်သို့ ရောက်လာသည်။

ကီနို၏အဖေက အောက်ဘက် တောင်ကမ်းပါးယံသို့ လက်ညှိုးထိုး၍ ပြောလိုက်သည်။

'ဟိုမှာ အဘိုးကြီး ရဲ့ ရဲတိုက်ကြီးကို ကြည့်လိုက်စမ်း'

တောင်ကမ်းပါးယံအလယ်မှ ကုန်းမြင့်ကလေးပေါ်တွင် ရဲတိုက်ကြီး တည်ရှိသည်။ အနီရောင်အလံတစ်ခုသည် ရှည်မျောမျောတိုင်ထိပ်မှ ဖြည်းဖြည်းချင်း လွင့်တက်လာသည်ကို ကီနို လှမ်းမြင်ရ၏။

'အဘိုးကြီးက လူတွေကို အဆင်သင့်ပြင်ထားကြဖို့ အချက်ပြနေတာ၊ ဒီအလံ ဒီလိုတက်လာတာကို ငါ နှစ်ခါတိတိ မြင်ဖူးပြီ၊ အဲဒီတုန်းက မင်း မမွေးသေးဘူး'

'သူက ဘာကို အသင့်ပြင်ထားဖို့ ပြောတာလဲ အဖေ'

ကီနိုက အသံတုန်တုန်ယင်ယင်ဖြင့် မေးလိုက်သည်။

'ဘာပဲ ဖြစ်လာ ဖြစ်လာ ပေါ့'

* * *

မွန်းလွဲ နှစ်နာရီတွင် ကောင်းကင်တစ်ခုလုံး မှောင်မည်းလာသည်။ လေကလည်း တောမီးလောင်နေသလို ပူနေသည်။ သို့သော် တောမီးလောင်နေသည့် အရိပ်အရောင်ဟူ၍မတွေ့





ရ။ မီးတောင်၏အရောင်က တောင်ထိပ်ပေါ်တွင် လင်းထိန်နေသည်။ အနက်ရောင်နောက်ခံတွင် အနီရောင်က အထင်းသား ပေါ်လွင်နေ၏။

ခပ်ပြင်းပြင်း ထိုးလိုက်သော ခေါင်းလောင်းသံသည် ဝန်းကျင်တစ်ခွင်သို့ ပြန့်နှံ့ပေါ်ထွက်လာသည်။

'ဒီခေါင်းလောင်းသံက ဘာလုပ်တာလဲ၊ ကျွန်တော်တော့ အရင်က တစ်ခါမှ မကြားခဲ့ဖူးဘူး'

ကီနိုက မေးလိုက်သည်။

'မင်းကို မမွေးခင်က ခေါင်းလောင်းနှစ်ခါထိုးခဲ့ပြီးပြီ၊ အဘိုးကြီးရဲ့ ရဲတိုက်ဘုရားကျောင်းထဲက ခေါင်းလောင်းထိုးတာ၊ သူက လူတွေကို ရွာထဲကထွက်ပြီး သူ့ရဲတိုက်မှာ လာခိုကြဖို့ ခေါ်နေတာ'

'ဒီတော့ လူတွေက သွားကြမှာလား ဟင်'

'အားလုံးတော့ မသွားကြပါဘူး၊ မိဘတွေကတော့ ကလေးတွေကို သွားခိုင်းကြတာပေါ့၊ ဒါပေမယ့် ကလေးတွေက မိဘတွေကိုခွဲပြီး မသွားချင်ကြဘူး၊ မိန်းမတွေကလဲ သူတို့ယောကျ်ားတွေကို ခွဲပြီးမသွားချင်ကြဘူး၊ ယောကျ်ားတွေက လယ်တွေကိုစောင့်ကြည့်နေကြရတာကိုး၊ ဒါပေမယ့် တချို့ကတော့ အသက်အန္တရာယ် စိုးရိမ်လို့ ရဲတိုက်မှာသွားနေကြတယ်'

ခေါင်းလောင်းထိုးသံက အဆက်မပြတ်ပေါ်ထွက်နေ၏။ အရေးကြီးသော အခြေအနေဖြစ်ကြောင်း အချက်ပြနေခြင်းပင်ဖြစ်သည်။ မကြာမီတွင် ရွာထဲမှ လူတွေ တစ်ယောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ပြေးထွက်လာကြ၏။ အားလုံးလိုလို ကလေးတွေ ချည့်ဖြစ်သည်။ ကလေးများသည် တောင်ကုန်းဆီသို့ ပြေး သွားကြလေ၏။

'ဂျီယ လာရင် သိပ်ကောင်းမှာပဲ အဖေ၊ ကျွန်တော် ဟို ကျောက်လှေကားထိပ်အစွန်းက ရပ်ပြီး ခါးစည်းအဝတ်ကို ဝှေ့ယမ်းပြရင် သူ မြင်နိုင်မှာလား ဟင်'

'မြင်နိုင်ပါတယ်'

'ဒါဖြင့် လာ၊ အဖေပါ လိုက်ခဲ့'

ကီနိုတို့သားအဖနှစ်ယောက် ကျောက်လှေကား အစွန်းသို့ လာခဲ့ကြသည်။ ကီနိုက သူ့ခါးတွင် ခါးပတ်အဖြစ် စည်းထား သော အဝတ်စကို ဖြေပြီး လက်နှစ်ဖက်ဖြင့် အပေါ်သို့ မြှောက်ကာဝှေ့ယမ်းပြနေ၏။

ဂျီယသည် တောင်အောက်မှနေ၍ လူနှစ်ယောက်ကို လှမ်း မြင်ရသည်။ မည်းမှောင်နေသည့် ကောင်းကင်နောက်ခံတွင် အဖြူရောင်အဝတ်စ ဝှေ့ယမ်းနေသည်ကိုလည်း မြင်ရ၏။

သူက ငိုယိုရင်း တောင်ပေါ်သို့တက်သည်။ ထို့နောက် မငိုမိအောင် အားတင်းရင်း ပြန်ဆင်းလာပြန်၏။ မိဘများ ကို ခွဲ၍ သူ မသွားချင်။ သို့သော် မိသားစုတွင် သူက အငယ် ဆုံး။ သူ့အဖေ၊ သူ့အမေနှင့် သူ့အစ်ကိုတို့က သူ့အား တောင်ပေါ်သို့ တက်သွားရန် အတင်းလွှတ်နေကြသည်။

'တို့ လူစုခွဲမှဖြစ်မယ်၊ မီးက ပင်လယ်ကိုအနိုင်ရသွားရင် တို့အားလုံး ဒုက္ခရောက်သွားနိုင်တယ်၊ တို့ မရှိတော့င်မှ မင်း က ရှိနေဦးမှ ဖြစ်မှာ'





ဂျီယ၏ အဖေက ပြောသည်၊

'ကျွန်တော် တစ်ယောက်တည်း မနေရစ်ချင်ဘူး'

ဂျီယက ပြန်ပြောသည်

'မင်း ငါ့စကားကို နားထောင်ရမယ်၊ လိမ္မာတဲ့သားဟာ မိဘစကားကို နားထောင်ရတယ်၊ ဒါဟာ တို့ ဂျပန်လူမျိုး တွေရဲ့ အစဉ်အလာပဲ'

ဂျီယသည် ငိုယိုရင်း အိမ်ထဲမှ ပြေးထွက်လာခဲ့၏။ သူ သည် ကီနိုတို့အား မြင်သေးအခါ ရဲတိုက်ကြီးသို့ မသွားတော့ ဘဲ ကီနိုတို့ထံသို့ပင် သွားရန် ဆုံးဖြတ်လိုက်၏။

သူသည် တောင်ပေါ်သို့ ပြေးတက်လာခဲ့သည်၊ သူ့မိဘ များမှတစ်ပါး သူအချစ်ဆုံးမှာ ကီနိုတို့ မိသားစုဖြစ်၏။ သူ့မှာ ညီမ မရှိသောကြောင့် ဆက်ဆုကိုလည်း ညီမလေး အရင်းလို ချစ်၏။

ကီနို၏အဖေက လက်နှစ်ဖက်ဖြင့် ဂျီယအား ဖေးမယား လိုက်သည်။ ကီနိုက ဝမ်းမြောက်ဝမ်းသာ အော်ဟစ်ကြိုဆို သည်။

ထိုအခိုက် ပင်လယ်ပြင်တွင် လေမုန်တိုင်းကြီး ရုတ်တရက် ဖြစ်ပေါ်လာ၏။ ကီနိုနှင့်ဂျီယတို့သည် ကီနို၏အဖေခါးကို အတင်းဖက်ထားကြ၏၊

'ဟိုမှာ....ဟိုမှာ... ကြည့်ပါဦး၊ ဘာကြီးလဲ မသိဘူး'

ကီနိုက အော်ပြောလိုက်သည်။

ခရမ်းသွေးရောင် ရေပြင်သည် အပေါ်သို့မြင့်တက်လာ



www.burmeseclassic.com

www.burmeseclassic.com



၏။ ငွေရောင်နှင့် အစိမ်းရောင်နှောနေသော ကောင်းကင်သည် ရေပြင်နှင့် နီးကပ်နေသလို ထင်ရ၏။

'ကျွန်တော်မျိုးတို့တစ်တွေကို နတ်ကောင်းနတ်မြတ်များ ကယ်မတော်မူပါ'

ကီနို၏ အဖေက တိုးတိုးကလေး ရေရွတ်လိုက်သည်။

ရဲတိုက်ကြီးမှ ခေါင်းလောင်းထိုးသံ ထပ်မံပေါ်ထွက်လာပြန်၏။ ဤအကြိမ်တွင် ခေါင်းလောင်းသံက ပို၍ကျယ်လောင်၏။ သို့သော် သည်လောက် လေထန်နေသည့်ကြားမှ ခေါင်းလောင်းသံကိုရွာသူရွာသားများကြားမှကြားရပါမည်လော။ သူတို့အိမ်များမှာလည်း ပင်လယ်ဘက်သို့ ပြတင်းပေါက်ဖောက်မထားကြ။ အပြင်ဘက်တွင် ဘာတွေဖြစ်နေသည်ဆိုတာကို သူတို့ သိမှ သိကြပါမည်လော။

သမုဒ္ဒရာရေအောက်တွင် မီးက မြေကြီးကို အနိုင်ရသွား၏။ မီးလျှံကြီးသည် ကျယ်လောင်စွာ အော်မြည်ကာ ပေါက်ကွဲသွား၏။ အေးမြသော ရေထုသည် ဆူပွက်နေသောကျောက်ဆောင်များကဲ့သို့ ဝင်ရောက်သွားသည်။ ရေနွေးငွေ့များ ပေါက်ကွဲပြီး ရေမျက်နှာပြင်တွင် ရေမလှိုင်းတံပိုးကြီးများဖြစ်ပေါ်ကာ ကောင်းကင်သို့ မြင့်တက်သွားကြသည်။

ကမ်းစပ်သို့ ပြေးတက်လာသော အစိမ်းရောင်လှိုင်းလုံးကြီးများသည် သောင်ခုံနှင့်ဝင်ဆောင့်ကာ ခေါင်းကွဲသွားပြီး အဖြူရောင် ရေပန်းများ ဖြာထွက်သွားကြသည်။ လှိုင်းလုံးကြီးများသည် အစွယ်ငေါငေါဖြင့် အပေါ်သို့မြင့်၍မြင့်၍ တက်လာကြ၏။





'ကျွန်တော် အဖေ့ကို သွားပြောမှ ဖြစ်မယ်'

ဂျီယာက အော်ပြောလိုက်၏။

သို့သော် ကီနို၏အဖေက သူ့လက်ကို ဖမ်းဆွဲထားလိုက်၏။

'မသွားနဲ့တော့၊ နောက်ကျသွားပြီ'

စက္ကန့်ပိုင်းအတွင်းမှာပင် လှိုင်းလုံးကြီးများသည် သူတို့၏ မျက်စိအောက်၌ ကြီး၍ကြီး၍လာ၏။ နီး၍နီး၍လာ၏။ လေကလည်း ကြောက်မက်ဖွယ် အသံကြီးမြည်ဟည်းကာ တရကြမ်းတိုက်ခတ်နေ၏။

လေမုန်တိုင်းသည် ရေမျက်နှာပြင်ကို အဘင်းတိုက်ခတ်ဘွန်းယူသွားရာ တစ်ရွာလုံးရေတွေ ဖုံးလွှမ်းသွားပြီး လှိုင်းလုံးကြီးများသည် တောင်နံရံကို ပြေးဆောင့်ကြ၏၊ မကြာမီတွင် ရဲတိုက်ကြီးတည်ရှိရာ ကုန်းမြင့်မှာလည်း ရေရေပတ်လည်ဝိုင်းကာ ကျွန်းတစ်ကျွန်းပမာ ဖြစ်သွား၏။

တောင်ပေါ်သို့ ပြေးတက်နေကြသူတွေအားလုံး ရေထဲမျောပါသွားကြ၏။ သူတို့အား ရေထဲတွင် အနက်ရောင် မျောတုံးကလေးများသဖွယ် မြုပ်ချည်ပေါ်ချည် မြင်နေရ၏။

လှိုင်းလုံးကြီးသည် အရှိန်ပြင်းစွာဖြင့် တောင်ပေါ်သို့ ပြေးတက်လာရာဖြာထွက်သွားသော လှိုင်းစွယ်များက ကီနိုနှင့် ဂျီယာတို့ ရပ်နေသော ကျောက်လှေကားထစ် ခြေရင်းအထိ လာဟကြ၏။

ထို့နောက် လှိုင်းလုံးကြီးသည် ဟဲခနဲ ဝေါခနဲ ညာသံပေးကာ သမုဒ္ဒရာထဲသို့ ပြန်ဆင်းသွားရာ လှိုင်းလုံးကြီးများ



www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူ သစ်ပင်များ၊ ကျောက်တုံးများနှင့် အိမ်များမျောပါသွားကြ၏။

ကလေးနှစ်ယောက်နှင့် လူကြီးတစ်ယောက်တို့သည် တစ်ယောက်ကို တစ်ယောက် တင်းတင်းဖက်ရင်း လုံးဝ ငြိမ်သက်စွာ ရပ်နေကြစဉ်မှာပင် လှိုင်းသုံးကြီးများသည် ကုန်းမြေပေါ်မှ ပြန်လည်ဆုတ်ခွာသွားသည်။ ထို့နောက် သမုဒ္ဒရာထဲသို့ တဖြည်းဖြည်း ပြန်ဆင်းကာ မကြာမီတွင် လုံးဝ ငြိမ်သက်သွားလေ၏။

* * *

သောင်ပြင်ပေါ်တွင်မူ ဘာမျှမရှိတော့၊ စောစောက ရွာရှိနေသော နေရာတွင် တဲအိမ်များလည်း တစ်အိမ်မျှ မကျန်ရစ်တော့။ ခြံစည်းရိုး၊ အပျက်အစီးကလေး တစ်ခုတစ်လေပင် မမြင်ရတော့။ ဈေးဆိုင်တန်းကလေး၊ လှေဆိပ်နှင့် တံငါလှေများလည်း တစ်စုံမျှ မရှိကြတော့။

သောင်ပြင်တစ်ခုလုံးမှာ ယခင်က လူသားများ မနေထိုင်ခဲ့သလို ပြောင်သလင်းပြင်ကြီး ဖြစ်နေ၏။ ယခင်က ရှိခဲ့ဘာတွေအားလုံး ယခုအခါ ဘာတစ်ခုမှ မရှိကြတော့။

ဂျီယသည် ကျယ်လောင်စွာ တစ်ချက် အော်ဟိုရင်း မြေကြီးပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားလေ၏။

သူသည် လုံးဝ သတိမရတော့ဘဲ မေ့မျောနေ၏။ သူမြင်တွေ့လိုက်ရသမျှမှာ သူ့အသက်အရွယ်နှင့် မမျှအောင်ကြောက်မက်ဖွယ် ကြီးကျယ်လှ၏။ သူသိလိုက်ရသမျှကို သူ့ရင်မှာ ထိန်း





မထားနိုင်တော့။ သူ့မိဘနှစ်ပါးနှင့် သူ့အစ်ကိုကြီးတို့ မရှိကြတော့။ သူတို့၏ တဲအိမ်ကလေးလည်း မရှိတော့။

ကီနိုမှာ စိတ်ကို မထိန်းနိုင်တော့ဘဲ ချုံးပွဲကြီးချကာ ကြုံကြုံပေါ်အောင် ငိုကြွေးလေ၏။ သူ့ဖခင်ကလည်း မတားတော့။

ကီနိုသည် မတ်တတ်ထရပ်ကာ ဂျီယအား ဆွဲထူပြီးနောက် အိမ်ထဲသို့ ချီမလာခဲ့သည်၊ ကီနို၏ အမေသည် မီးဖိုချောင်ထဲမှ ပြေးထွက်လာပြီး ဖျာတစ်ချပ်ကို ကပျာကယာ ခင်းသည်။ ကီနို၏ အဖေက ဂျီယအား ဖျာပေါ်တွင် သိပ်ထားပေးလိုက်၏။

ထို့နောက် တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

'သူ အခုလိုမေ့မျောနေတာပဲ ကောင်းပါတယ်၊ ဒီအတိုင်းပဲ နေပါစေတော့၊ နောက်တော့ သူ့ဟာသူ နိုးလာမှာပါ၊ ငါ သူ့အနားမှာ ထိုင်ပြီး စောင့်နေမယ်'

'ကျွန်မက သူ့ ခြေတွေ လက်တွေကို နှိပ်မေးမယ်'

ကီနို၏ အမေက ဝမ်းနည်းကြေကွဲသံဖြင့်ပြောရင်း ဂျီယအား အသာအယာ နှိပ်နယ်ပေးသည်။

ကီနိုကတော့ စကားတစ်ခွန်းမျှ မပြော။ သူငိုနေတုန်းရှိသေးသည်။ သူ့အဖေကလည်း ဘာမျှမပြော။ ခဏကြာတော့မှ သူ့မိန်းမအား ပြောလိုက်သည်။

'ကဲ... ကီနိုအတွက် ဆံပြုတ်ကလေး နည်းနည်းကျိုလိုက်ပါ၊ ချင်းကလေးလဲ နည်းနည်းထည့်၊ သူက တော်တော်အအေးမိနေပြီ'



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေက သူအအေးမိနေပြီဟု ပြောတော့မှ ကီနိုသည် သူ့အဖြစ်ကိုသူ သတိရလာမိသည်။ သူသည် တစ်ကိုယ်လုံးခိုက်ခိုက်တုန်နေ၏။ အငိုကလည်း မတိတ်သေး။

ထိုအခိုက် အခန်းထဲသို့ ဆက်ဆု ဝင်လာ၏။ ဆက်ဆုသည် လှိုင်းလုံးကြီးကို မမြင်လိုက်ရ။ သူ့မိခင်က သူ့အား တံခါးပိတ်၍ အခန်းထဲမှာနေခိုင်းထားသောကြောင့်ဖြစ်သည်။ ယခု သူမြင်တွေ့လိုက်ရသည်ကတော့ ဖျာပေါ်တွင် တစ်ကိုယ်လုံးဖြူဖတ်ဖြူရော်ဖြင့် စန့်စန့်ကြီး မေ့မျောနေသော ဂျီယ။

'အစ်ကိုဂျီယ သေသွားပြီလားဟင်'

ဆက်ဆုက စိုးရိမ်တကြီး လေသံဖြင့် မေးလိုက်၏၊

'ဟင့်အင်း....သူမသေပါဘူး သမီးရယ်'

ဖခင်က ပြန်ပြောသည်။

'ဒါဖြင့် သူဘာဖြစ်လို့ မျက်လုံးတွေ မဖွင့်တာလဲ'

'မကြာခင် ဖွင့်လာမှာပါ'

'အစ်ကို ဂျီယ မသေဘဲနဲ့ အစ်ကို ကီနိုက ဘာလို့ ငိုနေရတာလဲ'

'ဟာ....ဒီကောင်မလေး တယ်စကားများတာပဲ၊ သွားစမ်း၊ မင်းအမေကို မီးဖိုထဲမှာ ကူလုပ်ပေးချေ'

ဆက်ဆုသည် ဂျီယနှင့် ကီနိုတို့အား နောက်ပြန်ကြည့်ရင်း လက်ကုိသိုးကလေးကို ကိုက်ကာ မီးဖိုခန်းသို့ ဝင်သွားသည်။

ခဏအကြာတွင် ကီနို၏အမေ ဆံပြုတ်ခွက်ကိုင်ပြီး ထွက်လာ၏၊ ကီနိုက ဆံပြုတ်ပူပူလောင်လောင်ကိုမှုတ်၍ သောက်





Nissaka–Hiroshige

www.burmeseclassic.com

www.burmeseclassic.com



Evening Snow at Uchikawa—Hiroshige



Full Moon at Takanawa—Hiroshige

www.burmeseclassic.com

www.burmeseclassic.com



*Cave at Yenoshima—Hiroshige*



သည်။ ယခုမှ သူ့ တစ်ကိုယ်လုံး ပြန်လည် ‘နွေးထွေးလာသည်။ သူ့ဒိုလည်း မငိုတော့။ သို့သော် သူသည် ကြောက်နေဆဲ၊ စမ်းနည်းနေဆဲ ရှိနေသေးသည်။

‘ဂျီယ သတိပြန်ရလာရင် ကျွန်တော်တို့ ဘယ်လိုပြောရမှာလဲ အဖေ’

ကီနိုက မေးလိုက်သည်။

‘ဘာမှ မပြောနဲ့၊ သူနိုးလာရင် ဆံပြုတ် ပူပူကလေးကျွေးမယ်၊ ပြီးတော့ သူ အေးအေးသက်သာ နေပါစေ၊ တို့က သူ့ အိမ်မှာပဲ ရှိနေသလို ထင်ရအောင် လုပ်ကြရမယ်’

‘ကျွန်တော်တို့ အိမ်မှာလား’

‘ဟုတ်တယ်၊ ငါက နောက်ထပ် သားကလေး တစ်ယောက်လိုချင်နေတာ ကြာလှပြီ၊ အခုတော့ ငါ့ဆန္ဒပြည့်ပြီး ဂျီယဟာ တို့ရဲ့သားကလေးဖြစ်သွားပြီ၊ ဒီအိမ်ဟာ သူ့ အိမ်ပဲလို့ သူ သိလာတဲ့အချိန်ကျတော့မှ ဘာတွေဖြစ်ပျက်ခဲ့တယ် ဆိုတာ သူ့ကို တို့က အေးအေးဆေးဆေး ပြောပြရမယ်’

* * *

ဤသို့ဖြင့် ကီနိုတို့ သားမိသားဖတစ်တွေ ဂျီယအား စိတ်ရှည်လက်ရှည် တိုင်စောင့်နေကြလေ၏။

‘ဂျီယတော့ အရင်လို ဘယ်တော့မှ စိတ်ချမ်းသာတော့မှာ မဟုတ်ဘူးလို့ ကျွန်တော်ထင်တယ်’

ကီနိုက စမ်းနည်းသံဖြင့် ပြောလိုက်သည်။

---

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



'တစ်နေ့ကျတော့ စိတ်ချမ်းသာလာမှာပေါ့ကွယ်၊ ဘာဖြစ်လို့လဲဆို အသက်ရှင်နေရတာက သေတာထက်ပိုပြီး စွမ်းအားကြီးတယ်၊ ဂျီယဟာ ပြန်နိုးလာရင် မင်းပြောသလို သူ ဘယ်တော့မှ စိတ်မချမ်းသာနိုင်တော့ဘူးလို့ ထင်ကောင်း ထင်လိမ့်မယ်၊ သူ ငိုပြီးရင်း ငိုရင်း ငိုနေလိမ့်မယ်၊ သူ ငိုချင်သလောက် ငိုပါစေ၊ ဒါပေမယ့် သူ အမြဲတမ်း ငိုမနေနိုင်ပါဘူး၊ သုံးလေးရက်လောက်ဆို သူ အငိုတိတ်သွားမှာပါ၊ နောက်ပိုင်းသတိရရင် သူ ခဏဖြစ်ဖြစ် ငိုချင်ငိုမယ်၊ သူ ဝမ်းနည်းပြီး ကစ်နယောက်ဘည်း တိုင်နေမယ်၊ သူ နေချင်သလိုနေပါစေ၊ သူ့ကို တို့က စကားပြောအောင် လုပ်နေစရာမလိုဘူး၊ တို့က တို့ လုပ်စရာရှိတာတွေကို ပုံမှန်အတိုင်းလုပ်နေကြရုံပဲ၊ သူ နိုးလာရင် တို့ကျွေးတာကို မစားဘဲလဲ နေချင်နေမယ်၊ ဒါပေမယ့် တစ်နေ့ကျတော့ သူဆာလာမှာပါ၊ ဆာလာတဲ့အခါ သူ မစားဘဲ မနေပါဘူး၊ အဲဒီနောက်တော့ သူ အခြေအနေ ကောင်းလာမှာပါ၊ သူ ငိုချင်ရင်လဲ နေ့တက်တွေမှာတော့ ငိုမှာမဟုတ်ဘူး၊ ညကျတော့မှ အိပ်ရာထဲမှာ ကျိတ်ပြီးငိုလိမ့်မယ်၊ သူ ငိုချင်သလောက် ငိုပါစေ၊ ဒါပေမယ့် အချိန်တွေ ကုန်လွန်သွားတာနဲ့အမျှ သူလဲပဲပြန်ပြီး လန်းဆန်းလာမှာပါ၊ အဲဒီအခါ သူ စိတ်တွေလဲ ပုံမှန်အနေအထားကို ပြန်ရောက်လာလိမ့်မယ်၊ အဲဒါဆိုရင် သူ နေပျော်လာပါလိမ့်မယ်'

'ဒါပေမယ့် သူက သူ့မိဘတွေနဲ့ သူ့အစ်ကိုကြီးကိုတော့ ဘယ်မေ့နိုင်ပါ့မလဲ...အဖေ'





ကီနိုက ပြန်ပြောလိုက်၏။

'ဒါပေါ့၊ သူ ဘယ်မေ့နိုင်ပါ့မလဲ၊ မေ့နိုင်စရာလဲမရှိပါဘူး၊ ဒါပေမယ့် သူဟာ သူတို့နဲ့ အတူတူ အသက်ရှင်နေခဲ့ဖူးသလို သေရတာမှာလဲ အတူတူပဲဆိုတာ သူ သိလာလိမ့်မယ်၊ သူတို့သေရတာဟာ ဘဝရဲ့ အစိတ်အပိုင်းတစ်ခုပဲဆိုတာ သူ နားလည်လာလိမ့်မယ်၊ အဲဒီအခါကျတော့ သူငိုတော့မှာ မဟုတ်ဘူး၊ သူက သူတို့ကိုသတိတော့ရနေလိမ့်မယ်၊ သူ့အခွေး သူ့အသားဟာ သူတို့ရဲ့ အစိတ်အပိုင်းတွေပဲ၊ သူ အသက်ရှင်နေသမျှ သူတို့ကို သတိရနေမှာပဲ၊ လှိုင်းလုံးကြီး တက်လာတယ်၊ ပြီးတော့ ပြန်ကျသွားတယ်၊ နေပြန်ထွက်လာတယ် ငှက်ကလေးတွေရဲ့ မြည်သံတွေကို ပြန်ကြားလာရကယ်၊ ပန်းတွေ ပြန်ပွင့်လာကြတယ်၊ ကဲ...အခု ပင်လယ်ပြင်ကို လှမ်းကြည့်လိုက်စမ်းပါ'

ကီနိုသည် ဖွင့်ထားသော တံခါးပေါက်မှ ပင်လယ်ပြင်ဆီသို့ လှမ်းကြည့်လိုက်သည်။ ပင်လယ်ပြင်သည် အရောင်တဖြတ်ဖြတ်တောက်ပပြီး ငြိမ်သက်နေသည်။ ကောင်းကင်တွင်လည်း အပြာရောင်သန်းကာ ကြည်လင်သာယာနေသည်။

'ဒီလောက် ကြည်လင်ပြီး ဒီလောက် ငြိမ်သက်နေတဲ့ ကောင်းကင်နဲ့ ပင်လယ်ပြင်က စောစောကလို ကြောက်စရာ ကောင်းတာကို မယုံနိုင်စရာဘဲနော်'

ကီနို၏အဖေက ဦးခေါင်းကို ခါယမ်းရင်း—

'အဲဒီလို မဟုတ်ဘူး သား၊ မုန်တိုင်းတိုက်ပြီးတော့ ပင်လယ်ပြင်ကြီး ငြိမ်သက်သွားတာ၊ ကောင်းကင် ကြည်လင်



www.burmeseclassic.com

www.burmeseclassic.com



လာတာသာ အံ့သြစရာကောင်းတာပါ၊ တကယ်တော့ လေပြင်းမုန်တိုင်းကြီး ပေါ်ပေါက်လာအောင် ပင်လယ်က လုပ်တာလဲ မဟုတ်ဘူး၊ ကောင်းကင်က လုပ်တာလဲ မဟုတ်ပါဘူး’

‘ဒါဖြင့် ဘယ်သူက လုပ်တာလဲ အဖေ’

ကီနိုက ယင်းသို့မေးရင်းမှ သူ့ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျသွားကြသည်။ ဤကမ္ဘာတွင် သူမသိဘာတွေ အများကြီး ရှိနေသည်။ ထိုအရာတွေကို သူ့အဖေသာ သိသည်။ သူ့အဖေသာ နားလည်သည်။

‘အင်း.. အမှန်အတိုင်း ပြောရရင်တော့ ဒီမကောင်းဆိုးရွား လေပြင်းမုန်တိုင်းကြီးကို ဘယ်သူလုပ်တယ်ဆိုတာ ဘယ်သူမှ မသိပါဘူး၊ အေး....တို့သိတာကတော့ လေပြင်းမုန်တိုင်းကြီး တိုက်တာကိုပဲ သိတယ်၊ အဲဒီလို မုန်တိုင်းကြီးတိုက်လာရင် တို့က မကြောက်မရွံ့ဘဲ မုန်တိုင်းနဲ့အတူ နေနိုင်ကြရမယ်။ မုန်တိုင်းစဲသွားတဲ့အခါကျတော့ တို့ဘဝဟာ ပြန်ပြီးပျော်စရာကောင်းလာပြန်ရော၊ တို့ဘဝမှာ မုန်တိုင်းမတိုက်ခင်ကထက် မုန်တိုင်းတိုက်ပြီးမှ နေ့တိုင်း နေ့တိုင်းဟာ ပိုပြီးတန်ဖိုးရှိလာတယ်’

‘ဒါပေမယ့်....ဂျီယရဲ့ မိဘတွေရယ်၊ သူ့အစ်ကိုရယ်၊ ပြီးတော့ တခြားလူတွေရယ်၊ အားလုံး သေသွားတာကိုရော ဘယ်လိုလုပ်မှာလဲ’

ကီနိုက လေသံဖြင့် ပြန်မေးလိုက်သည်၊ သူသည် မုန်တိုင်းဒဏ်ကြောင့် လှိုင်းလုံးကြီးထဲ မျောပါသွားကြသူများကို ပြက်ပြက်ထင်ထင် မြင်ယောင်နေဆဲ ဖြစ်သည်။

---

ပသမအကြိမ်



‘ဒီအချိန်မှာ ဂျီယက ပိုပြီးအရေးကြီးတယ်၊ ဒါကြောင့် တို့က သူ့အကြောင်းကိုပဲ စဉ်းစားရမယ်၊ သူဟာ အချိန်တန်ရင် မျက်လုံးတွေ ပြန်ဖွင့်လာတော့မယ်၊ အဲဒီအချိန်မှာ သူ့ဘေးမှာ တို့က အဆင်သင့်ရှိနေကြရမယ်၊ မင်းက သူ့ညီဖြစ်မယ်၊ ငါက သူ့အဖေဖြစ်မယ်၊ ကဲ...မင်းအမေခေါ်လိုက်ပါဦး၊ ဆက်ဆုပါ ခေါ်လိုက်’

ထိုအခိုက် သူတို့သားအဖ အသံတစ်ခုခုလိုလို ကြားလိုက်မိသည်။ ဂျီယ၏ မျက်လုံးတွေက မှိတ်နေတုန်း ရှိသေးသည်။ သို့သော် သူက အိပ်ပျော်ရင်းမှ ရှိုက်နေသည်။

ဤတွင် ကီနိုသည် သူ့အမေနှင့် ညီမလေးဆက်ဆုတို့အား ကမန်းကတန်း သွားခေါ်လေသည်။ ပြီးတော့ မိသားစုအားလုံး ဂျီယနံဘေးတွင် ဝိုင်းထိုင်ကြသည်။ ဂျီယ မျက်လုံးတွေ ပြန်ဖွင့်လာမည့်အချိန်ကို ရင်တဖိုဖိုဖြင့် စောင့်လင့်နေကြသည်။

နောက်များမကြာမီတွင်ပင် ဂျီယ၏ ဖြူရော်ရော်မျက်နှာပေါ်က မျက်လုံးတွေ မျက်တောင်ခတ်လာကြသည်။ တစ်ဆက်တည်းတွင် မျက်လုံးများ ပွင့်လာကြသည်။

သူ ဘယ်နေရာ ရောက်နေမှန်း သူမသိ။ သူသည် သူ့ပတ်ပတ်လည်မှ လူများကို တစ်ယောက်ပြီးတစ်ယောက် မျက်လုံးကစားကြည့်သည်၊ ထို့နောက် အိမ်ခေါင်မိုးကို ကြည့်သည်။ အဖြူရောင် အခန်းနံရံတွေကို ကြည့်သည်။ သူ့ကိုယ်ပေါ်မှာ ခြုံထားသော အပြာရောင်ပန်းပွင့်ဆင် လွှာစောင်ကို ကြည့်သည်။

---

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘေးပတ်လည်မှ လူတွေက တစ်ယောက်မှ စကားမပြောကြ၊ သူ့နံဘေးတွင် ဒူးထောက်၍သာ ဆက်လက်စောင့်ကြည့်နေကြသည်။

သို့သော် ဆက်ဆုက ငြိမ်ငြိမ်မနေနိုင်တော့၊ သူက လက်ချုပ်တီးပြီး ရယ်လိုက်ချင်း....

'ဟော...အစ်ကို ဂျိုယ ပြန်နိုးလာပြီ၊ ပြန်နိုးလာပြီ' အစ်ကို ဂျိုယ အစ်ကို အိပ်မက် မမက်ဘူးလားဟင်'

ဆက်ဆု၏ အသံကြောင့် ဂျိုယ လုံးဝ သတိပြန်လာရသည်။

'ကျွန်... ကျွန်တော် အဖေ...အမေ'

သူက လေသံဖြင့် တိုးတိုးကလေး မေးသည်။

ကီနို၏ အမေက ဂျိုယ၏ လက်ကို ဆုပ်ကိုင်လိုက်ပြီး....

'ဒီမှာလေ သားရဲ့၊ အမေက သားရဲ့အမေပေါ့'

'ဒါက မင်းရဲ့ အဖေလေ'

'ဒါက မင်းရဲ့ညီပေါ့ ဂျိုယရဲ့'

'ဟယ်...ဝမ်းသာလိုက်တာ၊ အစ်ကို ဂျိုယက သမီးတို့နဲ့ အတူ နေတော့မယ်၊ ဝမ်းသာလိုက်တာ'

ဆက်ဆုက အော်၍ ပြောလိုက်သည်။

ဤတွင် အဖြစ်မှန်ကို ဂျိုယ သဘောပေါက်သွားတော့သည်။

ထို့နောက် သူ့အိပ်ရာမှ ထကာ တံခါးပေါက်သို့လျှောက်လာသည်။ အပြင်ဘက်တွင် မိုးကောင်းကင်နှင့် ပင်လယ်ပြင်ကို မြင်ရသည်။ သူသည် တောင်စောင်းနားမှာ တံငါရွာရှိရာ သောင်ပြင်ကိုငုံ့ကြည့်လိုက်သည်။ အိမ်တွေကို မမြင်ရတော့။





သောင်ပြင်ဖွေးဖွေးကိုသာ မြင်ရတော့သည်။ တစ်ချိန်တုန်းက အိမ်ခြေပေါင်း နှစ်ဆယ်ကျော် ရှိခဲ့သော နေရာတွင် ယခုအခါ တောင်ငုတ်များနှင့် ကျောက်တုံးကြီးတချို့သာ ကျန်ရှိခဲ့တော့သည်။ ပင်လယ်ပြင်တွင် ပျဉ်ချပ်ကလေးများနှင့် သစ်တိုဝါးစကလေးများသည် လှိုင်းအိကလေးများနှင့် အတူ ကမ်းပေါ်သို့ မျောတက်လာလိုက်၊ ပြန်ပါသွားလိုက် ဖြစ်နေကြသည်။

ကီနိုတို့ သားအမိသားအဖအားလုံး ဂျိုယထံသို့ လျှောက်လာပြီး သူ့နောက်ဘက်တွင် ရပ်နေကြ၏။

ကီနိုက ဘာသာစကားကို ဘယ်ကစပြောရမှန်းမသိအောင် ဖြစ်နေသည်၊ သူ၏ မိတ်ဆွေ ညီအစ်ကိုအတွက် သူ အလွန်ဘဲရှ စိတ်မချမ်းသာ ဖြစ်နေမိသည်၊ ကီနို၏ အမေက မျက်ရည် သုတ်နေသည်။ ဆက်ဆုကလေးပင် ဝမ်းနည်းနေပုံရသည်။ သူက ဂျိုယ၏ လက်ကို လှမ်းကိုင်ပြီး အသာအယာ ပွတ်သပ်နေသည်။

'အစ်ကို ဂျိုယ ...ညီမဘဲလေးကို အစ်ကို့ကို ညီမပေးမယ်'

ဆက်ဆုက ပြောသည်။

သို့သော် ဂျိုယက ဘာမှ ပြန်မပြော၊ သူသည် ပင်လယ်ပြင်ကိုသာ စိုက်ကြည့်နေ၏။

'ဂျိုယ၊ ဆံပြုတ်တွေ အေးကုန်တော့မယ်၊ ကြိုးစားပြီး သောက်လိုက်ပါဦး'

ကီနို၏ အဖေက ပြောသည်။

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



'တို့အားလုံး အစာတော့ စားကြရမှာပေါ့' ကလေး ရယ်၊ သားအတွက် အမေကြက်သားကင် ကောင်းကောင်း လုပ်ထားတယ်လေ'

ကီနို၏ အမေက ကြင်နာစွာ ပြောသည်။

'သမီးတောင် ဆာလာပြီ မေမေ'

ဆက်ဆုက ပြောသည်။

ထို့နောက် ကီနို၏ အဖေက....

'လာပါ သားရယ်....'

ဂျီယအား သူတို့အားလုံးဝိုင်းပြီး အိမ်ထဲသို့ ခေါ်လာကြသည်။ ပြီးတော့ အားလုံး ထမင်းစားပွဲတွင် ဝိုင်း၍ ထိုင်ကြသည်။

ဂျီယသည် ထမင်းစားပွဲတွင် တခြားလူများနှင့် အတူ ထိုင်နေသည်။ သူကောင်းကောင်း သတိရနေပြီ။ ကီနိုတို့ သားအမိ သားအဖစကားပြောသံများကို သူကြားနေရသည်။ သူ့ဘေးတွင် ကီနိုထိုင်နေသည်ကို သူသိသည်။

သို့သော် သူ့အတွင်းစိတ်ကတော့ အလွန်အိပ်ချင်နေသေးသည်။ သူအလွန် ပင်ပန်းနေသည်။ ဘာစကားမှ မပြောချင်လောက်အောင် စိတ်ရောကိုယ်ပါ နွမ်းနယ်နေသည်။

သူသည် သူ့မိဘ နှစ်ပါး၊ သူ့အစ်ကို၊ သူ့အိမ်နီးချင်းများနှင့် သူ့အပေါင်းအသင်းများအား ဘယ်တော့မှ ပြန်မတွေ့နိုင်တော့ ဆိုသည်ကို သူကောင်းကောင်း သိသည်။ သူသည် သူတို့အကြောင်းကို မတွေးမိအောင် ကြိုးစားသည်။ လှိုင်းလုံးတွေကြားထဲ ပေါ်လော မျောနေသော သူတို့၏အလောင်း





များကို မမြင်ယောင်မိအောင် ကြိုးစားပြီး စိတ်ကို ထိန်းသည်။

'စားစမ်းပါ ဂျီယ၊ ကြက်သားကင်က သိပ်ကောင်းတယ်ကွ'

ကီနိုက တိုးတိုးပြောသည်။

သို့သော် ဂျီယက သူ့ရှေ့မှ ဆန်ပြုတ်ခွက်ကို လက်နှင့်ပင် မတို့သေး၊ သူစားချင်စိတ်လည်း မရှိ၊ ဆာလည်း မဆာ။

ကီနိုက အတင်းတိုက်တွန်းတော့မှ ကြွေဇွန်းကို ကောက်ကိုင်ပြီး ဆန်ပြုတ် တစ်ဇွန်း သောက်သည်။ ဆန်ပြုတ်က တော်တော်ပူသည်၊ အရသာရှိသည်။ အနံ့လည်း မွှေးသည်။ ထို့နောက် ထပ်သောက်သည်။ ပြီးတော့ ထမင်းစား တူနှစ်ချောင်းဖြင့် ထမင်းနှင့် ကြက်သားဟင်း နှိုက်စားသည်။ သူ့စိတ်သည် အရာရာကို တွေးတော၍ မရနိုင်သေး၊ သို့သော် သူ့ခန္ဓာကိုယ်က နုပျိုသည်၊ သန်မာသည်။ စား၍ သောက်၍ မြိန်သည်။ ခံတွင်းတွေ့သည်။

စားသောက်ပြီးကြသောအခါ ကီနိုက ပြောသည်။

'တို့ တောင်ကုန်းပေါ် သွားကြည့်ကြဦးမှာလား ဂျီယ'

ဂျီယက ခေါင်းကို ခါယမ်းရင်း....

'ငါ အိပ်ပဲ အိပ်ချင်တယ်'

ကီနို၏ အဖေက အဖြစ်မှန်ကို ကောင်းကောင်း သဘောပေါက်သည်။

'ကောင်းတယ်၊ အိပ်တာ အကောင်းဆုံးပဲ'



www.burmeseclassic.com

ထို့နောက် သူက ဂျိယအား အိပ်ရာသို့ ခေါ်လာသည်။ အိပ်ရာပေါ်တွင် ဂျိယ လှဲအိပ်သောအခါစောင်ခြုံ ပေးသည်။ ပြီးတော့ အခန်းတံခါးကို ပိတ်ပေးလိုက်သည်။

'ဂျိယက အသက်ရှင်နေဖို့ အဆင်သင့် မဖြစ်သေးဘူး၊ ဒါကြောင့် တို့က စောင့်နေကြရဦးမယ်'

ကီနို၏ အဖေက ကီနိုအား တိုးတိုးကလေး ပြောလိုက်လေသည်။

* × *

စိတ်ကျန်းမာရန် ပထမဦးစွာ ကိုယ်ခန္ဓာ ကျန်းမာဖို့လိုသည်ဟု ကီနို၏ အဖေက ယုံကြည်သည်။ ထို့ကြောင့် သူက ဂျိယ၏ ကိုယ်ခန္ဓာ ကျန်းမာလာရန် အထူး ဂရုစိုက်၍ ပြုစုသည်။

'အသက်ရှင်ခြင်းဟာ သေခြင်းထက် စွမ်းအားကြီးတယ်' ဟူသော စကားကိုလည်း မကြာခဏ ထပ်တလဲလဲ ပြောပြတည်။

သို့သော်လည်း ဂျိယမှာ နေ့စဉ်နေ့တိုင်း ပင်ပန်း နွမ်းနယ်နေဆဲပင် ဖြစ်သည်၊ သူသည် စဉ်းစားတွေးတောချင်စိတ်လည်း မရှိ၊ တစ်ချိန်လုံး အိပ်ချင်စိတ်သာ ဖြစ်နေ၏။ စားပြီးအိပ်၊ အိပ်ပြီးစား၊ စားပြီးအိပ်ဖြင့် အိပ်စား သံသရာလည်နေ၏။





ဂျိယ အိပ်ချင်ပုံ ပေါ်လာပြီဆိုလျှင် ကီနို၏ မိခင်ကသူ့ကို အိပ်ခန်းထဲ ခေါ်သွားပြီး ကောင်းကောင်းမွန်မွန် သိပ်ပေးသည်။ ဂျိယသည် အမြဲပင် ချက်ချင်း အိပ်ပျော်သွားတတ်၏။ တခါတခါ ကီနို၏ အဖေက စောင်ခြုံပေးပြီးမှ အခန်းထဲမှပြန်ထွက်လာ၏။

ဂျိယ စိတ်လက် မရွှင်မလန်း ဖြစ်နေသည့် ကာလတစ်လျှောက်လုံး ကီနိုသည် လူငယ်တို့ ဘာသာဘာဝ ကစားချင်စိတ် လုံးဝမရှိ၊ ကူသည် ယာတောတွင်သာ ဖခင်အား ကူညီလုပ်ကိုင်ပေးနေ၏။ သို့သော် သူတို့သားအဖသည် တစ်ယောက်နှင့်တစ်ယောက်များစွာ စကားမပြောကြ၊ ပင်လယ်ဘက်ကိုလည်း တစ်ယောက်မျှ မကြည့်ကြ၊ သူတို့၏ ခြေဖဝါးအောက်မှ မြေကြီးကို ကြည့်နေရလျှင်ပင် သူတို့အဖို့လုံလောက်နေ၏။

တစ်ညနေတွင် ကီနိုသည် ယာတောနောက်ဘက်ရှိ တောင်ထွန်းခေါင်တက်ကာ မီးတောင်ဆီသို့ မျှော်ကြည့်သည်။

ယခုအခါ သိပ်သည်းသော မီးခိုးတိမ်ထုကြီး မရှိတော့၊ ကောင်းကင်သည် ပကတိ ကြည်လင်သာယာနေ၏။ မီးတောင်ကြီး ဒေါသမထွက်တော့သဖြင့် ကီနို အလွန်ဝမ်းသာမိသည်။

ကီနို အိမ်သို့ ပြန်ဆင်းလာသောအခါ သူ့ဖခင်သည် ရှေ့ဘာတွင် ထိုင်ကာ ထုံးစံအတိုင်း ဆေးတံကြီးနှင့် မှိန်းနေ၏၊ အိမ်ထဲတွင်မူ မိခင်က ဆက်အုအား ရေချိုးပေးနေ၏။

'ဂျိယတစ်ယောက် အိပ်နေတုန်းပဲလား'

www.burmeseclassic.com



ကီနိုက သူ့အဖေအား မေးလိုက်၏။

'အေး...အိမ်တုန်းပဲ၊ အဲဒါ သူ့အတွက် အကောင်းဆုံးပေါ့၊ အိပ်ရင် အားရှိလာမယ်၊ ဒါမှ နိုးလာတဲ့ အခါ သူ့စိတ်ကူး တွေးဘောနိုင်လာမယ်'

'ဒါပေမယ့် ဒီလောက် ဝမ်းနည်းစရာ ကောင်းတာကိုတော့ သူပြန်တွေးတော့မှာ မဟုတ်ပါဘူး'

'တွေးမှာပါ၊ အေး...သူ့မိဘတွေကို ပြန်တွေးမိတဲ့အခါကျတော့မှ သူပြန်ပြီး ဝမ်းသာပျော်ရွှင်လာလိမ့်မယ်'

အ ကြာမျှ စကားပြတ်သွားသည်။ ပြီးတော့မှ ကီနိုက ထပ်၍ မေးလိုက်သည်။

'အဖေ၊ ကျွန်တော်တို့ဟာ ဂျပန်ပြည်မှာ နေနေရတာ သိပ်ပြီး ကံဆိုးတာပဲနော်'

'မင်းက အဲဒီလို ဘာကြောင့် ထင်ရတာလဲ'

'ဘာကြောင့်လဲဆိုတော့ မီးတောင်ကြီးက ကျွန်တော်တို့အိမ်နောက်မှာ၊ ပင်လယ်ကြီးက အိမ်ရှေ့မှာ၊ သူတို့ နှစ်ခုပေါင်းပြီး မကောင်းတာလုပ်ကြတဲ့အခါ လျှင်လှုပ်တယ်၊ မုန်တိုင်းတိုက်တယ်၊ လှိုင်းကြီးလာယ်၊ ဒီတော့ ကျွန်တော်တို့အားလုံး ဒုက္ခရောက်ကြရတယ်၊ လူတွေအများကြီး သေကြရတယ်'

'အေး...အဲဒီလို အန္တရာယ်ကြားထဲ နေနေရလို့ အသက်ရှင်နေရတာဟာ သိပ်ပြီးတန်ဖိုးရှိတယ်ဆိုတာကို တို့တစ်တွေ နားလည်လာကြရတာပေါ့ သားရယ်'

'ဒါပေမယ့် ကျွန်တော်တို့အားလုံး အဲဒီအန္တရာယ်ကြောင့် သေကုန်ရင် ဘယ့်နှယ်လုပ်မလဲ'

ပထမအကြိမ်



ကီနိုက စိုးရိမ်တကြီး

'တို့တစ်တွေဟာ သေခြင်းနဲ့ ရှင်ဆိုင်ရတော့မှ ရဲရင့်လာတယ်၊ သတ္တိရှိလာတယ်၊ ဒါကြောင့်မို့ တို့ဂျပန်လူမျိုးတွေ သေရမှာကို ဘယ်တော့မှ မကြောက်ကြတာပေါ့၊ တို့က သေဘာကို ခဏ ခဏ မြင်နေကြရတယ်၊ ဒီတော့ ကြောက်စိတ်က မရှိတော့ဘူး၊ ဒါကြောင့် တို့တစ်တွေဟာ သတ္တိရှိလာကြတယ်၊ အသက်ရှင်နေရတာကို ချစ်မြတ်နိုးလာကြတယ်။ သစ်ပင်တောတောင်တွေ၊ ပြီးတော့ ပင်လယ်သမုဒ္ဒရာတွေရဲ့ အလှကို မြင်ဟတ်လာကြတယ်၊ အသက်ရှင်နေနိုင်အောင် ထမင်းကျွေးတဲ့အလုပ်ကို ကြိုးစားလုပ်ကြတယ်၊ အလုပ်လုပ်ရတာကိုလဲ ပျော်ကြတယ်၊ အဲဒါတွေကြောင့် တို့ဂျပန်လူမျိုးတွေဟာ ကံကောင်းတဲ့လူမျိုးလို့ပြောနိုင်တာပေါ့၊ တို့ဟာ သေခြင်းကိုလဲ ချစ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ တို့က သေဘေးအန္တရာယ်နဲ့ အတူတူနေနေကြရလို့ပဲ၊ တို့က သေမှာကို မကြောက်ကြဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အသက်ရှင်တာနဲ့သေတာဟာ နှစ်ခုစလုံး အမြဲတမ်း အတူတူရှိနေကြတယ်ဆိုတာကို သိကြလို့ပဲ'

'သေတယ်ဆိုတာ ဘာကို ပြောတာလဲ အဖေ'

'သေတယ်ဆိုတာ ရောမတာခါးမကြီးပဲ'

ကီနို၏အဖေက ဝမ်းနည်းရိပ် လက္ခဏာ လုံးဝမရှိ၊ သူ့မျက်နှာသည် တည်ငြိမ်နေ၏။ ကြည်လင် ရွှင်လန်းနေ၏။

'ရောမတာခါးမကြီး ဟုတ်လား၊ အဲဒါက ဘယ်မှာ ရှိသလဲ'

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကီနို၏အဖေက ရယ်လိုက်ပြီး–

'ဒါနဲ့... မင်း ဘယ်တုန်းက မွေးတယ် ဆိုတာ မှတ်မိသလား'

ကီနိုက ဦးခေါင်းကို ခါယမ်းလိုက်သည်။

'မသိဘူး၊ ကျွန်တော်က သေးသေးလေးပဲ ရှိသေးတာ'

ကီနို၏အဖေက ရယ်လိုက်ပြန်သည်။

'ငါ ကောင်းကောင်းမှတ်မိတယ်၊ မွေးဖွားရတာ သိပ်ပြီး ခက်ခဲတယ်ဆိုတာ မင်းသိမှာမဟုတ်ဘူး၊ မင်းက သိပ်ပြီးငိုတာပဲ၊ အသံစာစာနဲ့ ငိုပြီးရင်း ငိုရင်း အော်ဂိုနေတယ်'

'ကျွန်တော်က မမွေးချင်လို့ ငိုနေတာလားဟင်'

သူက ဤအချက်ကို အလွန်စိတ်ဝင်စားမိသည်။ ဖခင်ဖြစ်သူက ပြုံးပြီးပြောသည်။

'အဲဒီလို မဟုတ်ပါဘူး၊ မင်းက မင်းအမေရဲ့ ဝမ်းဗိုက်ထဲမှာပဲ နေချင်တယ်၊ အမှောင်ထဲမှာပဲ နေချင်တယ်၊ အပြင်က အလင်းရောင်ထဲ မထွက်ချင်ဘူး၊ ဒါပေမယ့် အချိန်ရောက်တော့ ထွက်လာရတာပဲ၊ အသက်ဂိတ်တံခါးက ပွင့်လာရတာမို့'

'အဲဒါဟာ အသက်ဂိတ်တံခါးဆိုတာ ကျွန်တော်က သိလို့လား'

'အဲဒါ မင်း ဘာမှမသိဘူး။ ဒါကြောင့်မို့ အပြင်ထွက်လာရမှာကို မင်းက ကြောက်နေတာပေါ့၊ ဒါပေမယ့် အဲဒါ မင်း မိုက်တာပဲ၊ အခုပဲ ကြည့်ပါလား၊ မင်း တောင်ကုန်းပေါ် ထွက်သွားတော့ မင်းရဲ့ မိဘတွေဖြစ်တဲ့ တို့က မင်းကို





မျှော်နေကြတယ်၊ မင်းကို ချစ်နေလို့ တမျှော်မျှော်နဲ့ စောင့်နေကြတယ်၊ ဒီအတွက် မင်းကလဲ ဝမ်းသာတယ်၊ ပျော်တယ်၊ ငါပြောတာ မဟုတ်ဘူးလား'

'လှိုင်းလုံးကြီး မလာရင်တော့ ပျော်တာပေါ့၊ အခု လှိုင်းလုံးကြီး မရှိတော့ဘာတောင်မှ ကြောက်နေရသေးတာ ပဲ၊ သူ့ကြောင့် လူတွေ အများကြီး သေကုန်တာကိုး'

'မင်းက သေတာနဲ့ ပတ်သက်လို့ သေသေချာချာ မသိသေးလို့ အဲဒီလို ကြောက်နေတာပေါ့၊ တစ်နေ့ကျတော့ မင်း ဘာကြောင့် ကြောက်ရတယ်ဆိုတာ သိရပါလိမ့်မယ်၊ အခု တောင်မှ မွေးဖွားရတာကို ဘာကြောင့် ကြောက်တယ်ဆိုတာ သိလာပြီပဲ'

သူတို့သားအဖ စကားပြောနေရင်း အမှောင်ထုက နက်လာသည်။ တောင်ကမ်းပါးယံတွင် တသက်လက် အလင်းရောင်တစ်ခုကို မြင်ကြရသည်။

သည်လို နေဝင်ရီတရော အချိန်မျိုးတွင် ပိုးစုန်းကြုးကလေးတွေ ထွက်တတ်ကြသည်။ သို့သော် ယခုမြင်ရသော အလင်းရောင်က သူတို့အိမ်ဘက်သို့လာသော လမ်းအတိုင်း တရွေ့ရွေ့ တက်လာနေသည်။

'ဘယ်သူများလဲ မသိဘူး'

ကီနိုက ပြောလိုက်သည်။

'ဧည့်သည်တစ်ယောက် ထင်ပါရဲ့၊ ဒါပေမယ့် ဘယ်သူများ ဖြစ်ပါလိမ့်'



www.burmeseclassic.com

www.burmeseclassic.com



မကြာမီတွင် ထိုသူမှာ ရဲတိုက်ရှင် အဘိုးအို ဖြစ်နေသည်ကို မြင်တွေ့ကြရသည်။ သူ၏အိမ်စေတစ်ယောက်က လက်ဆွဲမီးအိမ်ကိုကိုင်၍ လိုက်ပါလာသည်။

အဘိုးအိုက တောင်ဝှေးရှည်ကြီး ဟဒေါက်ဒေါက်ဖြင့် နောက်မှ ကုန်းကုန်းကွကွ လျှောက်လာသည်။

'ဒီအိမ်က တောင်သူ အုချိယာမရဲ့အိမ်လားဟေ'

အဘိုးအိုက အမှောင်ထဲမှ လှမ်းအော်၍ မေးလိုက်သည်။

'ဟုတ်ပါတယ်၊ ဒီအိမ်ပါပဲ၊ ဟိုမှာ သူ တံခါးဝမှာ သူ့သားလေးနဲ့ ထိုင်နေတယ်'

အိမ်စေက ပြန်ပြောလိုက်၏။

ဤတွင် ကီနို၏အဖေက ထိုင်ရာမှ ထလိုက်သည်။ ကီနိုကလည်း လိုက်၍ထသည်။

'ကြွပါခင်ဗျာ....ကြွပါ။ ကျွန်တော် ဘာများလုပ်ပေးရပါမလဲ'

ကီနို၏အဖေက ပြောလိုက်သည်။ အဘိုးအိုက ရှေ့သို့တိုးလာ၏။

'မင်းတို့ဆီမှာ ဂျီယဆိုတဲ့ ကလေးတစ်ယောက်များ ရှိသလား'

'သူ အိမ်ခန်းထဲမှာ အိပ်နေပါတယ်ခင်ဗျား'

'သူ့ကို ငါတွေ့ချင်တယ်'

အဘိုးအို၏ စကားကို လူတိုင်း နာခံရကြောင်း အားလုံးသိကြသည်။ သို့သော် ကီနို၏အဖေ အုချိယာမကတော့ ပြုံးပြီး ပြန်ပြောလိုက်သည်။





'ကလေးက အိပ်ပျော်နေတယ်ခင်ဗျား၊ သူ့ကို နှိုးလို့မဖြစ်ပါဘူး၊ သူက ယူ့မိသားစု တစ်ခုလုံး ရေထဲပါသွားလို့ တော်တော် ခံစားနေရပါတယ်။ အိပ်ပျော်နေတာ အများကြီး သက်သာပါတယ်'

'ငါက သူ့ကို မနှိုးပါဘူး၊ ကြည့်ရုံပဲ ကြည့်မှာပါ'

သို့ဖြင့် ကီနို၏ အဖေက အဘိုးအိုအား အိပ်ခန်းထဲသို့ ခြေဖျားထောက်၍ ခေါ်လာသည်။ ကီနိုလည်း နောက်မှ ပင် လိုက်လာ၏။

အိမ်စေက မီးအိမ်ကို ကိုင်မြှောက်ပြသည်။ ဂျီယ၏မျက်နှာကို မီးရောင်မထိုးရအောင်လည်း မီးအိမ် လက်နှင့် ကာထားသည်။

အဘိုးအိုက အိပ်ပျော်နေသော ကလေးအား ငုံ့၍ကြည့်သည်။ ဂျီယတစ်ကိုယ်လုံးဖြူရော်နွမ်းနယ်နေသည့် ကိုင်အောင် အလွန်ချောမောသည့် ကလေးဖြစ်၏။ သူက အသက်အရွယ်နှင့် မလိုက်အောင် အရပ်ရှည်သည်။ သန်လည်း သန်သည်။ သူ့မျက်နှာမှာ ချောမောလှပသလို ဉာဏ်ရှိမည့် အသွင်မူရာလည်း ပေါ်လွင်နေ၏။

အဘိုးအိုက ဂျီယအား အတန်ကြာမျှ စူးစိုက်ကြည့်ရှုနေသည်။ ထို့နောက် အိမ်စေကို မျက်ရိပ်ပြကာ အိမ်ရှေ့ခြံဝသို့ ပြန်ထွက်လာခဲ့ကြ၏။ အဘိုးအိုက အုချိယာမဘက်သို့ လှည့်၍ ပြောသည်။

'ရေကြီးလို့ ကလေးတွေ မိတဆိုးဖတဆိုးကလေးတွေဖြစ်သွားရင် ငါက ခေါ်ယူပြီး မွေးစားထားတယ်၊ ဒါဟာ



www.burmeseclassic.com

www.burmeseclassic.com



ငါလုပ်နေကျ အလုပ်ပဲ၊ အခုအချိန်ထိ ရေကြီးတာ သုံးကြိမ် သုံးခါရှိသွားပြီ၊ သုံးကြိမ်စလုံးပဲ ငါက မိဘမဲ့ကလေးတွေ၊ လင်သေသွားတဲ့မုဆိုးမတွေခေါ်ပြီး ကျွေးမွေးစောင့်ရှောက်ထားခဲ့တယ်၊ အခုလဲ ဒီကလေးအကြောင်း သိရတော့ သူ့ကိုငါယူပြီး မွေးစားချင်စိတ်အများကြီးဖြစ်ပေါ်မိတယ်၊ ဒီကလေးက ချောလဲချောတယ်၊ လိမ်လဲ လိမ်မာတယ်၊ ဒါကြောင့် သူ့ကို ငါ့သားအရင်းလို မွေးစားမယ်’

‘အို….ဂျိုယကို ကျွန်တော်တို့က မွေးစားထားပြီးပြီပဲဦးစွာ’

ကီနိုက အော်ပြောလိုက်သည်။

‘ဟေ့သား၊ အဲဒီလို မပြောပါနဲ့၊ တို့က ဆင်းရဲသားတွေပါ သားရယ်၊ ဟောဒီက အဘက ဂျိုယကို မွေးစားချင်တယ်ဆိုရင် တို့က ငြင်းလို့ ဘယ်ကောင်းပါ့မလဲ’

အုချိယာမက ပြန်ပြောသည်။

ဤတွင် အဘိုးအိုက….

‘ဒါ သိပ်မှန်တာပေါ့ကွယ့်၊ ငါကသူ့ကိုကောင်းကောင်းဆင်ပေးမယ်၊ ကောင်းကောင်းကျွေးမယ်၊ ကျောင်းကောင်းကောင်းကိုပို့ပြီး ပညာလဲ သင်ပေးမယ်၊ သူ ပညာတတ်ကြီးဖြစ်လာရင် တို့ဘစ်နယ်လုံးသာမက တစ်နိုင်ငံလုံးကတောင် ဂုဏ်ယူကြရမှာကွယ့်’

‘ဒါဆိုရင် သူ့ရဲ့ဘိုက်ကြီးမှာသွားနေတော့ ကျွန်တော်တို့အတူတူ ကစားလို့ မရတော့ဘူးပေါ့’

ကီနိုက ထပ်၍ ပြောလိုက်ပြန်သည်။

ပထမအကြိမ်



ထိုအခါ သူ့အဖေက ကီနိုအား….

‘တို့က ဂျိုယအတွက် ကောင်းရာကောင်းကြောင်းကို ကြည့်ရမှာပေါ့ သားရယ်’

ဟု ပြောလိုက်ပြီးနောက် အဘိုးအိုဘက်သို့ လှည့်ကာ….

‘အဘပြောတဲ့အစီအစဉ်ဟာ ဂျိုယကလေးအတွက် အများကြီး ကောင်းပါတယ် ခင်ဗျား၊ သူ့ခင်မျာမိဘအရင်းခေါက်ခေါက်တွေ ဆုံးပါးသွားကြတော့ ကျွန်တော်က သနားလွန်းလို့ သူ့ကို သားအရင်းလို မွေးစားဖို့ စိတ်ကူးထားပြီးသားပါ၊ ဒါပေမယ့် ကျွန်တော်တို့က သိပ်ဆင်းရဲတဲ့ ကောင်သူတစ်ယောက်ပါခင်ဗျား၊ အိမ်ကလဲ အစုတ်အနုတ်ပါ၊ သူ့ကို ပညာလဲ ကောင်းကောင်း သင်ပေးနိုင်မှာ မဟုတ်ပါဘူး၊ ဒါကြောင့် သူနိုးလာရင် အကျိုးအကြောင်း ပြောပြပါ့မယ်၊ သူ့ဟာသူ ဆုံးဖြတ်ပါစေခင်ဗျား’

‘ကောင်းပြီလေ၊ ဒါပေမယ့် သူ့ကို ငါ့ဆီလဲ လွှတ်လိုက်ပါဦး၊ သူ ကိုယ်တိုင် ပြောတာ ငါကြားချင်တယ်၊ ဒါမှ သူ့စိတ်ထဲရှိတာ အမှန်အတိုင်း သိရမယ်’

‘စိတ်ချပါခင်ဗျား၊ ဆက်ဆက်လွှတ်လိုက်ပါ့မယ်၊ သူကိုယ်တိုင် သူ့ဟာသူ ပြောပါလိမ့်မယ်’

အုချိယာမက မသိမသာ အသံမာမာဖြင့် ပြန်ပြောလိုက်လေသည်။

* * *

ယောမင်းကြီးဝါဒပေ

www.burmeseclassic.com

www.burmeseclassic.com



ဂျီယကလေး သူတို့ထံမှ ထွက်ခွာပြီး ရဲတိုက်ကြီးတွင်သွားနေရတော့မည် ဆို၍ ကီနိုတစ်ယောက် အသွန်ကရာစိတ်မချမ်းမသာ ဖြစ်သွားမိလေသည်၊

'ဂျီယ ထွက်သွားရင် ကျွန်တော့်မှာ ညီအစ်ကို ရှိတော့မှာ မဟုတ်ဘူး'

သူက ဝမ်းနည်းသံဖြင့် ပြောသည်။

ဤတွင်သူ့ဖခင်က ဖျောင်းဖျစကား ဆိုလေသည်။

'မင်းက တစ်ကိုယ်ကောင်း မဆန်ရဘူးကီနို၊ ဂျီယ သူ့သဘောအတိုင်း သူလုပ်ချင်တာ လုပ်ပါစေ၊ ဒါကို မင်းက လက်ခံရမယ်၊ သူ့ကို တို့က ဖြားယောင်း သွေးဆောင်လို့ မကောင်းဘူး၊ ဒီကိစ္စ ဂျီယကို မင်း လုံးဝ မပြောနဲ့၊ သူနိုးလာရင် ငါကိုယ်တိုင် ပြောပြမယ်'

ဖခင်ဖြစ်သူ၏ စကားသံက ခါတိုင်းထက် ပြင်းထန်သောကြောင့် ကီနိုက တစ်ခွန်းမျှ ပြန်မပြောရဲ။ သို့ဖြင့် သူသည် ဝမ်းနည်းစွာဖြင့် အိပ်ရာထဲသို့ လာခဲ့တော့၏။

သူသည် စောင်ကို ဆွဲပြီး တစ်ကိုယ်လုံး ခြုံလိုက်သည်။ သည်ည တစ်ညလုံး သူ လုံးဝ အိပ်ပျော်တော့မည် မဟုတ်ဟု စဉ်းစားမိ၏။ သို့သော် ကလေးတို့ သဘာဝအတိုင်း စိတ်မောလူမောဖြင့် မကြာမီမှာပင် အိပ်ပျော်သွားလေ၏။

နောက်တစ်နေ့ နံနက် အိပ်ရာမှ နိုးလာလျှင် နိုးလာချင်း ကီနိုသည် ဂျီယကို ပထမဆုံး သတိရမိ၏။ တစ်ဆက်တည်းတွင် ဂျီယ ဆုံးဖြတ်ချက် ချရမည့် ကိစ္စကို တွေးမိသောအခါ စိတ်မချမ်းမသာ ဖြစ်သွားပြန်၏။

ပထမအကြိမ်



သူသည် အိပ်ရာမှ ထ၍ မျက်နှာသစ်သည်။ အိပ်ရာလိပ်ကို ပြန်ခေါက်ပြီး လုပ်နေကျအတိုင်း ကြောင်အိမ်ထဲတွင် သိမ်းသည်။ ပြီးတော့ အဝတ်အစားလဲသည်။

ထိုအချိန်တွင် သူ့အဖေက ယှာခင်းထဲသို့ ထွက်သွားနှင့်ပြီ။ ကီနိုလည်း ဖခင်ထံသို့ လိုက်လာခဲ့၏။

မှုန်ရီဝေသော လှပသည့် နံနက်ခင်းဖြစ်၏။ သမုဒ္ဒရာတစ်ပြင်လုံးကို မြူမှုန်ပါးပါးကလေး ဖုံးထားသောကြောင့် ရေကိုပင် မမြင်ရ။

'ဂျီယ နိုးနေပြီလား'

ကီနိုက မေးလိုက်သည်။

'မနိုးသေးဘူး၊ မကြာခင် နိုးလာမယ်ထင်တာပဲ'

ဖခင်က ပြန်ဖြေသည်။ သူသည် ဂေါ်ပီခင်းကို ပေါင်းသင်နေသည်။ ကီနိုကလည်း မြေကြီးပေါ်ထိုင်ချကာ ပေါင်းမြက်တွေ လိုက်သင်သည်။

'အဘိုးကြီးအကြောင်း အဖေ သူ့ကို ဒီနေ့ပြောမှာလား ဟင်'

'သူ နိုးလာ ချက်ချင်းပြောရမှာပေါ့၊ တို့အိမ်ကို သူ့အိမ်လို့ သဘောထားလာအောင် တို့က ကြိုးစားရင် တို့မှာတာရားရာ ကျေပြွမ်မယ်၊ သူ အနေနဲ့ တို့ဆီမှာ အမြစ်မတွယ်ခင် သူ့ဟာ သူပဲ ဆုံးဖြတ်ပါစေ'

'အဖေ သူ့ကိုပြောပြတဲ့အချိန်မှာ ကျွန်တော်ရော နေလို့ရမှာလား'

ယောမင်းကြီးစာစုပ

www.burmeseclassic.com

www.burmeseclassic.com



'မနေပါနဲ့သား၊ ငါတစ်ယောက်တည်းပဲ ပြောပြပါ့မယ်၊ အဘိုးကြီးလို သူဌေးကြီးနဲ့ နေရင် ဘယ်လို ကောင်းမယ်၊ တို့လို ဆင်းရဲသားနဲ့နေရင် ဘယ်လို ဆင်းရဲမယ်ဆိုတာ ငါ သူ့ကို အမှန်အတိုင်း ပြောပြမယ်'

ကီနို ငိုချင်စိတ်ပေါက်လာသည်။ သူ့ဖခင် အလွန်ခေါင်းမာတာပဲ ဟုလည်း တွေးမိသည်။ သူက ရှိုက်သံဖြင့် ပြောလိုက်သည်။

'ဒါဆို ဂျိုယကတော့ ကျွန်တော်တို့ဆီက ထွက်သွားမှာ သေချာပါတယ်'

'ဒါဆိုလဲ သွားပေါ့'

နံနက်စာစားချိန်ကျတော့ သူတို့သားအဖ အိမ်သို့ပြန်လာကြသည်။ သို့သော် ကီနိုက ထမင်းကို လက်နှင့်တို့ရုံမျှသာ တို့သည်။

စားသောက်ပြီးတော့ ယာခင်းသို့ ပြန်လာခဲ့သည်၊ သူ တစ်ယောက်တည်း ကစားချင်စိတ်လည်းလုံးဝမရှိ၊ သူ့အဖေကတော့ အိမ်မှာနေရစ်သည်။ ဂျိုယ နိုးလာလျှင် ဂျိုယနှင့် စကားပြောရမည် မဟုတ်လား။

ကီနိုသည် ယခင်းထဲတွင် တစ်ယောက်တည်းအချိန်အကြာကြီး အလုပ်လုပ်နေသည်။ သူ့မျက်လုံးများမှ မျက်ရည်ပုတွေမြေကြီးပေါ်သို့တစ်ပေါက်ပေါက်ကျသည်။ သူ အလုပ်ကိုဆက်လုပ်မြဲ လုပ်နေသည်။ လာမခေါ်မချင်း အိမ်သို့မပြန်ဟု ဆုံးဖြတ်ထားသည်။





သို့သော် မွန်းတည့်ခါနီးရောက်တော့ သူ့အဖေ၏ အော်ခေါ်သံကို ကြားရသည်။ သူသည် ထိုင်ရာမှ ချက်ချင်းထပြီး ကျောက်လှေကားလမ်းအတိုင်း ပြန် လျှောက် ဆင်း လာ ခဲ့သည်။

အိမ်ရှေ့ခြံဝတွင် သူ့အဖေနှင့် ဂျိုယတို့ ရပ်နေကြသည်။ ဂျိုယ၏မျက်နှာမှာ ဖြူရော်နေဆဲဖြစ်သည်။ မျက်လုံးတွေကလည်း နီနေသည်။ သူ ငိုထားပုံရသည်။ သို့သော် ယခုတော့ ခိုဇတော့။

သူတို့ အနီးသို့ ကီနိုရောက်သွားတော့ မျက်ရည်တွေ သွန်ချလာပြန်သည်။

ကီနို၏အဖေက ကြင်နာသံဖြင့် ပြောသည်။

'ဂျိုယ....ငိုချင်ရင် အောင့်မထားနဲ့၊ ငိုချင်သလောက် ငိုပစ်လိုက်၊ မင်းက ပြည့်ပြည့်ဝဝ မနိုးသေးဘူး။ ဒါ့ကြောင့် ငိုချင်သလောက် ငိုလို့မထွက်သေးတာ၊ မင်း ခံစားခဲ့ရတာတွေက သိပ်များနေတယ်၊ ဒါပေမယ့် အခုအချိန်မှာ မင်း အသက်ပြန်ရှင်လာပြီ၊ ဒါကြောင့် မျက်ရည်တွေကျလာတာ၊ အဲဒါ မင်းအတွက် သိပ်ကောင်းတယ်၊ ငိုချင်သလောက်သာ ငိုပစ်လိုက်ပါ သားရယ်၊ အောင့်မထားပါနဲ့'

ထို့နောက် ကီနို ဘက်သို့ လှည့်၍ပြောသည်။

'ငါ သူ့ကို ပြောပြပြီးပြီ၊ ရဲတိုက်ကြီးထဲရောက်သွားတဲ့အခါမှ သူ့စိတ်ကိုသူ ဆုံးဖြတ်လိမ့်မယ်၊ အဘိုးကြီးက သူ့ကို ဘာတွေပေးနိုင်သလဲ ဆိုတာ သူ မြင်စေချင်တယ်၊ ဂျိုယ....တို့မှာက မင်း မြင်တဲ့အတိုင်းပဲ၊ ဒီတဲအိမ်ကလေးရယ်၊ ဟောဟို



www.burmeseclassic.com

www.burmeseclassic.com



က ယာခင်းကလေးရယ်၊ အဲဒါပဲ ရှိတယ်၊ ဒါနဲ့ပဲ ပင်ပင်ပန်းပန်း လုပ်စားနေကြရတယ်၊ တို့လက်တွေနဲ့ လုပ်လို့ရတာကွေ့လောက်ပဲ တို့မှာရှိတယ်'

ကီနို၏အဖေက သူ့လက်နှစ်ဖက်ကို ဖြန့်၍ မပြောက်ပြသည်။ အလုပ်ကြမ်းလုပ်ရ၍ သူ့လက်တွေကသည်း ခက်ထရော်ကြမ်းတမ်းနေကြသည်။ ထို့နောက် သူက ဆက်ပြောသည်။

'ကီနို....မင်းက သူနဲ့လိုက်သွား၊ ရဲဘိုက်ကြီးကို ရောက်တော့ အဲဒီမှာ နေဖို့ သူ့ကို မင်းက တိုက်တွန်း၊ သူကောင်းဖို့အတွက် မင်းက ကူညီရမယ်'

ကြားရသည့်စကားက ကီနိုအဖို့ အခံရခက်လှ၏။ သူက အားတင်း၍ ပြောလိုက်သည်။

'ကျွန်တော်လိုက်သွားပါမယ်၊ ဒါပေမယ့် ရေချိုးပြီး အဝတ်အစားကောင်းကောင်း ဝတ်ဦးမယ်'

'မဝတ်ပါနဲ့၊ ဒီအတိုင်းပဲသွား၊ မင်းက တောင်သူရဲ့သားပဲ'

* * *

ကလေးနှစ်ယောက်တို့ သောင်ပြင်ကို တမင်ရှောင်ကာ တောင်စောင်းသို့ ဆင်းလာခဲ့ကြသည်။ မကြာမီမှာပင် ရဲတိုက်ကြီးသို့ ရောက်လာကြ၏။

ရဲတိုက်ခြံဝင်းတံခါး ပွင့်နေသည်။ ဥယျာဉ်ကြီးက အလွန်လှ၏။ ဥယျာဉ်လုပ်သားတစ်ယောက်က အစိမ်းရောင်ရွှေညို များကို ရှင်းလင်းနေလေသည်။





သူက ကလေးနှစ်ယောက်ကို လှမ်းမြင်သောအခါ ခြံဝသို့ လျှောက်လာသည်။

'မင်းတို့က ဘာကိစ္စရှိလို့လဲ'

'ကျွန်တော့်အဖေက ဘိုးဘိုးဆီကို လွှတ်လိုက်လို့ပါ'

'သြော်...မင်းက အုချိယာမရဲ့သားလား'

'ဟုတ်ပါတယ်၊ ဒါက ဂျီယပါ၊ ဘိုးဘိုးက သူ့ကို ဒီကိုလာဖို့ မှာထားတယ်၊ သူ့ကို ဒီမှာ ထားမလို့'

'ကဲ....လာ၊ လိုက်ခဲ့'

ဥယျာဉ်လုပ်သားကြီးက ဂျီယအားဦးညွှတ်၍ အရိုအသေပြုလိုက်သည်။

ထို့နောက် သူက ဦးဆောင်ကာ ကလေးနှစ်ယောက်အား ကျောက်ခင်းလမ်းကျယ်ကြီးအတိုင်း ခေါ်သွားသည်။

ထင်းရှူးပင် အကိုင်းကြီးများက သူတို့၏ဦးခေါင်းပေါ်မှ အုပ်မိုးထားကြသည်။

သစ်တောအလွန် ခပ်လှမ်းလှမ်းတွင် နေရောင်က ပန်းခင်းကြီးနှင့် ရေတံခွန် ရေကန်များပေါ်သို့ ဖြာကျနေသည်။

'လှလိုက်တာကွာ'

ကီနိုက ဝမ်းနည်းသံဖြင့်တိုးတိုးကလေး ရေရွတ်လိုက်သည်။ ဂျီယကတော့ ဘာမှပြန်မပြော။ သူက ဦးခေါင်းကို မော်ပြီး လျှောက်မြဲ လျှောက်လာသည်။ ရဲတိုက်ကြီးသို့ ရောက်သောအခါ သူတို့ဖိနပ်များကို ချွတ်လိုက်ကြသည်။ ထို့နောက် တံခါးမကြီးအတိုင်း ဥယျာဉ်လုပ်သားကြီးနောက်မှ လျှောက်လိုက်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ခန်းမထဲသို့ ရောက်သောအခါ ဥယျာဉ်လုပ်သားကြီးက ရပ်တန့်လိုက်သည်။ အိမ်စေတစ်ယောက် ပေါ်လာပြီး အကျိုးအကြောင်းကို မေးသည်။ ဥယျာဉ်လုပ်သားကြီးက တိုးတိုးကပ်ပြောလိုက်သည်။ အိမ်စေက ဦးခေါင်းညိတ်ရင်း....

'ကဲ ...လာကြ'

ထို့နောက် အိမ်စေနောက်မှ လိုက်လာကြသည်။ ကျယ်ပြန့်သော ခန်းမဆောင်လမ်းအတိုင်း လျှောက်လာကြသည်။ အခန်းနံရံများမှာ အရောင်တလက်လက် တောက်နေကြသည်။ ချော့မွတ်ပြောင်လက်နေသော ငွေရောင်နံရံများ ဖြစ်၏။

သူတို့ နင်းလျှောက်လာသော ကြမ်းခင်းဖျာများကလည်း ချောမွတ်နူးညံ့နေကြ၏။ ခန်းဆောင်လမ်းမ တစ်ဖက်တစ်ချက်တွင် လှပသော သီးသန့်အခန်းများ ဖွဲ့ထား၏။ အခန်းတိုင်းတွင် ပန်းအိုး၊ လှပသော စာလိပ်ထုပ်နှင့် ပြောင်လက်နေသော စားပွဲကုလားထိုင်များ ရှိကြသည်။ ဂျိုယရော ကီနိုပါ ဤသို့သော အိမ်ကြီးမျိုးကို သည်တစ်ခါသာ မြင်ဖူးကြရသေး၏။ ကီနိုမှာ မှင်တက်မိသူပမာ စကားမပြောနိုင်အောင် ဖြစ်နေ၏။ ဒီလောက်လှတဲ့ ရဲတိုက်ကြီးထဲမှာ ဂျိုယ မနေချင်ဘူးဆိုတာ ဘယ်လိုဖြစ်နိုင်ပါ့မလဲဟု သူက စဉ်းစားမိ၏။

ခပ်လှမ်းလှမ်းတွင် အဘိုးအိုကို လှမ်းမြင်ကြရသည်။ အဘိုးအိုသည် စားပွဲကလေး တစ်လုံးအားတွင် ထိုင်ကာ စာရေးနေ၏။ စားပွဲမှာ တွန်းရွှေ့တံခါးရွက်များ ရှေ့တွင်ရှိပြီး တံခါးရွက်များကို တွန်းရွှေ့လိုက်လျှင် အပြင်ဘက်မှ ဥယျာဉ်ကြီးကို မြင်ရ၏။





အဘိုးအိုသည် စုတ်တံကို ညာလက်ဖြင့်ကိုင်ကာ စာလိပ်ပေါ်တွင် စာရေးလျက်ရှိ၏။ သူ၏ ငွေကိုင်းမျက်မှန်မှာ နှာခေါင်းသိပ်နားသို့ လျှောကျနေ၏။

ကလေး နှစ်ယောက်ကိုမြင်သောအခါ အဘိုးအိုသည် မျက်မှန်ကိုချွတ်ကာ စုတ်တံကို ပြန်ချထားလိုက်သည်။

'ငါ ဘာစာတွေ ရေးနေတယ်ဆိုတာ လူကလေးတို့ သိချင်ကြသလား'

အဘိုးအိုက မေးလိုက်သည်။

ကီနိုရော ဂျိုယပါ ဘာမှ ပြန်မပြောနိုင်ကြ၊ ရဲတိုက်ကြီး၏ ကြီးကျယ်ခမ်းနားမှု၊ လှပမှု၊ တိတ်ဆိတ်ငြိမ်သက်မှုနှင့် အဘိုးအို၏ ဂုဏ်ရှိန်တို့သည် ကလေးနှစ်ယောက်အား လွှမ်းမိုးချုပ်ကိုင်ထားလေသည်။

အဘိုးအိုသည် အရပ်ရှည်၍ ပိန်သည်။ သူ၏ ဆံပင်နှင့် မုတ်ဆိတ်မွေးများမှာ အားလုံးဆွတ်ဆွတ်ဖြူနေ၏။ သူ၏မျက်နှာနှင့် လက်များမှာ ထူးထူးခြားခြား လှကြ၏။ သူ၏အရိုးအဆစ်များက ပျော့ပျောင်းပြီး အသားအရေမှာလည်း ညိုမောင်းချောညက်နေ၏။ သူ့ရုပ်သွင်မှာ ရာဇမာန်ကြီးသော ဘုရင်တစ်ပါးနှင့် တူနေ၏။ သို့သော် မည်းနက်သော မျက်လုံးများက ပညာရှင်ကြီးတစ်ယောက်၏ ဉာဏ်ပညာကြီးသော အသွင်ကို ဖော်ပြနေကြသည်။

အဘိုးအိုက ပြောပြန်၏။

'ဒီကဗျာက ငါရေးတဲ့ ကဗျာတော့ မဟုတ်ဘူးကွဲ့၊ အိန္ဒိယပြည်က ပုဂ္ဂိုလ်ကြီးတစ်ယောက်ရဲ့ အဆိုအမိန့်ပဲ၊ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ဒီကဗျာကို ငါက အလွန်ကြိုက်တယ်၊ ဒါကြောင့် နေ့တိုင်းမြင်နိုင်အောင် ဗီရိုပေါ်က နံရံပေါ်မှာ ချိတ်ဆွဲထားချင်လို့ ဒီစာလိပ်ပေါ်မှာ ရေးကူးနေတာ’

သူက စာလိပ်ကို ဖြန့်ပြီး ဖတ်ပြသည်။

‘ဘုရားသခင်၏ ရင်သွေးငယ်များ
ချစ်စရာ အလွန်ကောင်းကြ၊
သို့သော်ငြား အလွန်ဆန်းပြား။
ဘုရားသခင်၏ ရင်သွေးငယ်များ
အလွန်လိမ္မာ ယဉ်ကျေးကြ၊
သို့သော်ငြား သူတို့ဘဝ
အလွန်ကျဉ်းမြောင်းကြ’

အဘိုးအိုက ကလေးများ၏ မျက်နှာကို ကြည့်လိုက်၏။

‘ဒီကဗျာကို လူကလေးတို့ ဘယ်လိုထင်ကြသလဲ’

ကလေးနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ နောက်ဆုံးတွင် ဂျီယက အရဲစွန့်၍ ပြောလိုက်သည်။

‘ကျွန်တော်တို့ ဘာမှ နားမလည်ပါဘူး ဘိုးဘိုး’

ဂျီယမှာ ကီနိုထက် အသက်အနည်းငယ်ကြီးသောကြောင့် သူကပင် ဦးဆောင်၍ စကားပြောရမည်ဟု စဉ်းစားမိ၏။

အဘိုးအိုက ဦးခေါင်းကို ခါယမ်းရင်း သိမ့်သိမ့်ကလေး ရယ်သည်။

‘တို့တစ်တွေ အားလုံး ဘုရားသခင်ရဲ့ ရင်သွေးတွေပဲ ကွယ့်’





ထို့နောက် မျက်မှန်ကို ကောက်တပ်ကာ ဂျီယကိုကြည့်ရင်း—

‘ကိုင်း....ဒါဖြင့် လူကလေးက ငါ့သားအဖြစ် လုပ်မလား’

‘ကျွန်....ကျွန်....ကျွန်တော် မလုပ်ဘူး’

သူ့စကား ရိုင်းသွားသည်ထင်ကာ ထပ်ပြီး—

‘ကျေးဇူးတင်ပါတယ် ဘိုးဘိုး၊ ဒါပေမယ့် ကျွန်တော့်မှာ အိမ်ရှိပါတယ်၊ ယာတောမှာ အိမ်ရှိပါတယ်’

ဤစကားကြောင့် ကီနို ဘယ်လောက်များ ဝမ်းသာသွားလိမ့်ပါမည်နည်း။ ထိုအခိုက်အတန့်တွင် သူသည် သမုဒ္ဒရာ လှိုင်းလုံးကြီးနှင့် မကောင်းဆိုးရွား ဖြစ်ရပ်များ အားလုံးကို မေ့သွား၏။

သူ့တစ်ကိုယ်လုံး ဝမ်းသာပျော်ရွှင်မှုဖြင့် ခြုံလွှမ်းသွားသည်။

ထို့နောက် သူသည် သူတို့၏ယာတဲကလေးကို မြင်ယောင်လာသည်။

‘ဂျီယ....တို့ ဘယ်လောက်ဆင်းရဲတယ်ဆိုတာ သတိရပါ’

သူက တည်ငြိမ်စွာ ပြောလိုက်၏။

အဘိုးအိုက ပြုံးမဲ့မဲ့ဖြင့် ပြောသည်။

‘ဟုတ်ပါတယ်၊ သူတို့က သိပ်ပြီးဆင်းရဲရှာတယ်၊ ဒီမှာကတော့ လူကလေး မြင်တဲ့အတိုင်းပဲ၊ လိုလေသေးမရှိ လိုချင်တာ အကုန်ရနိုင်တယ်၊ လူကလေးဆန္ဒရှိရင် ဒီကသူငယ်ချင်းတို့လဲ ခေါ်ပြီး ကစားနိုင်တယ်၊ ပြီးတော့ အချို့ယာတို့



www.burmeseclassic.com

မြီးသွားစုကိုလဲ ငါက ပိုက်ဆံထောက်ပံ့ဖို့ စိတ်ကူးထားတယ် လူကလေးက ဘိုးဘိုးရဲ့ သားအဖြစ် ဆင်းရဲသားတွေကို ဂျ ညီထောက်ပံ့ ရမယ်’

‘ဘိုးဘိုးကယ်ထားတဲ့ တခြားလူတွေက ဘယ်မှာနေကြ သလဲ’

ဂျီယက ရုတ်တရက် ဖြတ်မေးလိုက်သည်။

‘တချို့က မနေချင်လို့ ပြန်သွားကြတယ်၊ တချို့ကတော့ ဒီမှာပဲ နေနေကြတယ်၊ အဲဒီလူတွေက နောက်ဘက်ဝင်းထဲ မှာ အိမ်လေးတွေနဲ့ အတူနေနေကြတယ်’

‘ဘိုးဘိုးက သူတို့ကို ဒီအိမ်ကြီးထဲခေါ်ပြီး သားသမီး တွေအဖြစ် ဘာလို့ မထားတာလဲ’

‘ငါက သူတို့ကို သားသမီးအဖြစ် မမွေးစားချင်လို့ မထားတာပေါ့’

အဘိုးအို၏ အသံက နည်းနည်းမာသည်။ သူက ဆက် ပြောသည်။

‘လူကလေးက ဉာဏ်လဲကောင်းတယ်၊ ချောလဲချောတယ်၊ ရွာထဲမှာ လူကလေးက အတော်ဆုံး ကလေးပဲလို့ သူတို့က ငါ့ကို ပြောကြတယ်’

ဂျီယက နောက်ပြန်လှည့်ကြည့်သည်။ ထို့နောက် ဦးခေါင်း ကို ခါယမ်းလိုက်သည်။

‘ကျွန်တော်က တခြားကလေးတွေထက် ပိုပြီးမတော်ပါ ဘူး၊ ကျွန်တော့်အဖေကလဲ တော်ပါသည်ပါ’

အဘိုးအိုက မျက်မှန်နှင့် စုတ်တံကို ကောက်ကိုင်လိုက်ပြီး—





‘ဒါဆို ကောင်းပြီလေ၊ ငါ့မှာ သားမရှိလဲ ဖြစ်ပါတယ်’

အိမ်စေက သူတို့အား အရိပ်အခြေပြကာ ပြန်ခေါ်လာခဲ့ သည်။ မကြာမီတွင် ဥယျာဉ်ထဲသို့ ပြန်ရောက်လာကြသည်။

‘မင်း တော်တော်မိုက်တဲ့ ကလေးပဲ၊ တို့ဘိုးဘိုးကြီးက အင်မတန် စိတ်ကောင်းရှိတာ၊ မင်း ဒီမှာနေရင် လိုချင်တာ အားလုံး ရမှာပဲ’

‘အားလုံးတော့ မရနိုင်ပါဘူး’

ဂျီယက ပြန်ပြောလိုက်သည်။

ထို့နောက် သူတို့နှစ်ယောက် ခြံဝင်းကြီးထဲမှ ထွက်လာခဲ့ ကြ၏။ တောင်စောင်းကိုဖြတ်ကျော်ပြီး အိမ်သို့ ပြန်လာခဲ့ကြ သည်။

ဆက်ဆုကလေးက အိမ်ခြံဝတွင် ရပ်စောင့်နေ၏။ သူတို့ကို မြင်တော့ ပြေးလိုက်လာသည်။ သူ့ ကီမိုနို အင်္ကျီလက်တွေက တဖားဖား၊ သစ်သားခုံဖိနပ်သံက တခွတ်ခွတ်နှင့်....

‘အစ်ကိုဂျီယာ ပြန်လာပြီ၊ အစ်ကိုဂျီယ ပြန်လာပြီ ...ပြန်လာ ပြီ၊ အစ်ကိုဂျီယ....အစ်ကိုဂျီယ’

ဆက်ဆုက ဝမ်းသာအားရ အော်ယိုက်၏။

ဂျီယက ဆက်ဆု၏ ဝမ်းသာလုံးဆို့နေသော မျက်နှာ ကလေးကို မြင်လိုက်ရတော့ လက်နှစ်ဖက်ကိုဆန့်တန်းပြီး သိုင်း ဖက်ထားလိုက်သည်။

သူ၏ ကြေကွဲနေသော နှလုံးသားထဲသို့ ကြည်နူးဝမ်းသာ မှု ပထမဆုံးအကြိမ် ဝင်ရောက်လာခဲ့သည်ဟု ထင်မှတ်လိုက် ၏။ ဤကြည်နူးဝမ်းသာမှုသည် ဆက်ဆုထံမှ ပေါ်ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခြင်း ဖြစ်သည်၊ ဆက်ဆုသည် သူ့အတွက် 'အသက်'ပင် ဖြစ်တော့သည်။

ထိုအချိန်တွင် နွေလယ်စာလည်း အဆင်သင့် ပြင်ထားပြီ။ ကီနို၏ အဖေလည်း ယာခင်းမှ ပြန်ရောက်လာသည်။ သူ ရေမိုးချိုးပြီးသောအခါ ထမင်းဝိုင်းတွင် ထိုင်ကြသည်။

'မင်းကြောင့် တို့အားလုံး ဝမ်းသာကြရတယ် ဂျီယ'

ကီနို၏ အဖေက ပြောသည်။

'ဟုတ်တယ်၊ တို့အားလုံး ဝမ်းသာမဆုံး ဖြစ်ကြရတယ်'

ကီနို၏ အမေက ထောက်ခံ၏။

'ကျွန်ုပ်တော့ အစ်ကိုတစ်ယောက်ရလို့ သိပ်ဝမ်းသာတာပဲ'


ကီနိုက ပြောသည်။ ဂျီယကတော့ တပြုံးပြုံးနှင့်။

ပျော်ရွှင်မှုသည် သူ့ရင်ထဲသို့ တိတ်တဆိတ်ဝင်ရောက်လာ၏။ သူ့ရင်ထဲတွင် အောင်းနေရာမှ ပြန်လည် ပေါ်ထွက်လာသည်။ သို့သော် ဘယ်လိုက ဘယ်လို ပေါ်လာမှန်း သူကိုယ်တိုင်တော့ လုံးဝမသိ။

ထမင်းကလည်း စားလို့ မြိန်လှ၏။ သူ အင်အားတွေ ပြည့်လာသလို ထင်ရသည်။ သူ့ပဟ်လည်တွင် သူ့ကို အလွန်ချစ်သော လူသားလေးယောက်ကလည်း ရှိနေပြီ။ သူတို့၏ အချစ်သည် မီးဖိုမှ နွေးထွေးသော မီးနှင့် တူသည်။ နွေးထွေးသောမီးက တစ်ကိုယ်လုံး အေးစက် တုန်ယင်နေသော သူ့အား နွေးထွေးစွာ ဆီးကြိုလိုက်လေပြီ။

* * * *


ပထမအကြိမ်




Seashore at Hoda—Hiroshige

www.burmeseclassic.com

www.burmeseclassic.com




*Whirlpools at Awa—Hiroshige*
(left panel)



*Sudden Shower at Ohashi—Hiroshige*

www.burmeseclassic.com

www.burmeseclassic.com



*Whirlpools at Awa—Hiroshige*
(right panel)



တရွေ့ရွေ့ဖြင့် အချိန်တွေကုန်မှန်းမသိ ကုန်လွန်သွားခဲ့လေသည်။

ဂျီယသည် ယာတောအိမ်တွင် နေထိုင်ရင်း အရပ်ရှည်ရှည်နှင့် သန်မာထွားကြိုင်းသော လူငယ်တစ်ယောက်ဖြစ်လာခဲ့သည်။ ကီနိုက သူ့လို အရပ်မရှည်သော်လည်း တုတ်တုတ်ခိုင်ခိုင်နှင့် သန်မာသည်။ ဆက်ဆုမှာလည်း ရွှတ်နောက်နောက် ပြောင်ချော်ချော် မိန်းကလေးဘဝမှ မြူးမြူးရွှင်ရွှင် အပျိုပေါက်ကလေးသို့ ပြောင်းလဲလာခဲ့သည်။

အချိန်တွေ ဘယ်လောက်ပင် ကုန်လွန်သွားသော်လည်း ရေလှိုင်းမိုးပြီး လူတွေ ကပ်ဆိုက်ခဲ့ရသည်ကိုတော့ သူတို့က ဘယ်တော့မှ မမေ့နိုင်ကြ၊ သူတို့က ခေတ်ကာလကို နှစ်ပိုင်းပိုင်း၍ ပြောလေ့ရှိကြသည်။ 'မုန်တိုင်းကြီး မတိုက်ခင်က'၊ 'မုန်တိုင်းကြီး တိုက်ပြီးနောက်' ဟူ၍ ပြောလေ့ရှိကြသည်၊ မုန်တိုင်းကြီးနှင့် လှိုင်းလုံးကြီးတို့က သူတို့၏ သဘာဝကို ပြောင်းလဲစေခဲ့သည် မဟုတ်ပါလား။

ယခင်က တံငါရွာ တည်ရှိခဲ့သော သောင်ပြင်တွင် ယခုဘာမှ မရှိတော့။ လွင်တီးခေါင်သက်သက် ဖြစ်နေသည်။ ဤနေရာသို့ ဘယ်သူမှ ပြန်မလာကြတော့။

နေ့စဉ်နေ့တိုင်း ဒီရေတွေ တက်လာကြသည်၊ သောင်ပြင်ပေါ်က သဲတွေကို တိုက်စားပြီး ပြန်ကျသွားကြသည်။ တစ်ခါတစ်ရံ မုန်တိုင်းလည်း ပေါ်လာသည်။ သို့သော်လည်း ယခင်ကလို လှိုင်းလုံးကြီးမျိုးကိုတော့ ခေါ်မလာတော့။

---



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် နောင်အခါတွင်တော့ ဘယ်တောမှ ရေကြီးတော့မည်မဟုတ်ဟု လူတွေက ယုံကြည်လာကြသည်။ မုန်တိုင်းတိုက်လျှင် ရဲတိုက်ကြီးမှ ခေါင်းလောင်းကြီးက ကြိုတင်အချက်ပေးသည်။ ထိုအခါ တံငါသည်တွေက သူတို့၏ ဇနီးမယားနှင့် သားသမီးတွေကို တခြားဆိပ်ကမ်းသို့ ခေါ်ဆောင်သွားကြသည်။ ထိုနေရာတွင် စခန်းသစ်ချ၍ ငါးဖမ်းကြပြန်သည်။

မုန်တိုင်းကြောင့် ပင်လယ်ထဲ လှေမျောပါသွားလျှင်လည်း နောက်ထပ် လှေသစ်စပ်၍ ဆက်လက် ထွက်ခွာကြပြန်သည်။

သို့သော် မုန်တိုင်းတိုက်ပြီး နောက်ပိုင်းကာလတွင် ယခင်ဆိပ်ကမ်းဟောင်းလို ကောင်းသည့်ဆိပ်ကမ်း ဘယ်မှာမှမတွေ့နိုင်တော့ဟု တံငါသည်တွေက ပြောလာကြသည်။

ယခင်ဆိပ်ကမ်းက ရေနက်သည်။ ငါးကြီးတွေ အုပ်လိုက်ဖွဲ့ကာ ကမ်းစပ်အထိ တက်လာကြသည်ဟု ဆိုသည်။ ထို့ကြောင့် သူတို့အနေဖြင့် ကမ်းခြေနှင့် ဝေးဝေးလံလံ ပင်လယ်ရေနက်ပိုင်းအထိထွက်၍ ဖမ်းစရာမလို၊ ကျွန်းကလေးတွေအကြားမှ ရေလက်ကြားတွေထဲတွင် ငါးတွေ တင်းကြမ်းပြည့်နေသည်။

ယခုအခါ ကီနီနှင့်ဂျီယတို့လည်း ကမ်းခြေ ဆိပ်ကမ်းဟောင်းသို့ မကြာခဏ မသွားကြတော့၊ တစ်ခါတစ်ရံ လမ်းသင့်၍ ဖြတ်သွားသောအခါမှသာ ရောက်ဖြစ်ကြတော့သည်။ ယင်းသို့ ရောက်သွားလျှင်လည်း ဂျီယမှာ သောင်ပြင်ပေါ်တွင် တစ်စုံတစ်ရာ လိုက်လံရှာဖွေနေရသည်နှင့် မအားအောင် ဖြစ်နေတတ်သည်။ သူရှာဖွေနေသည်မှ အခြားမဟုတ်၊





လှိုင်းလုံးကြီးတိုက်ချသွားသော သူတို့အိမ်ကလေး၏ အပျက်အစီး အစအန တစ်ခုခုများ ဒီရေနှင့် ပြန်ပါလာလေမလားဟူသော အတွေးဖြင့် ရှာဖွေနေခြင်းဖြစ်သည်။

သို့သော် ဘာတစ်ခုမျှ သဲလွန်စကလေးပင် မတွေ့ရ။ ရေနက်ပိုင်းက လှိုင်းမြှုပ်တွေက အလွန်ကြမ်းသည်။ လူသေကောင်များကိုပင် ကမ်းပေါ်သို့ ပြန်မပို့ကြတော့ဘဲ ရိုက်ပုတ်ထုထောင်း နင်းခြေပစ်တတ်ကြသည်။

ထို့ကြောင့်လည်း ယခုအခါ လူငယ်အရွယ်သို့ ရောက်နေပြီဖြစ်သော ကီနီနှင့်ဂျီယတို့ ညီအစ်ကိုနှစ်ယောက်သည် လူသူကင်းမဲ့သော သောင်ပြင်သို့ သွားလိုစိတ်မရှိကြတော့။ သူတို့ပင်လယ်ထဲတွင် ရေကူးချင်သောအခါတွင်လည်း ယခင်းကို ဖြတ်ကျော်ပြီး တောင်ကုန်းတစ်ဖက်မှ တခြားသောင်ပြင်သို့သာ သွားကြတော့သည်။

သို့သော် ဂျီယသည် အိမ်တံခါးကို ဖွင့်ကာ သောင်ပြင်ဘက်သို့ နံနက်တိုင်း မျှော်ကြည့်နေသည်ကို ကီနီ မြင်ရသည်။ သူ့ကို ကြည့်ရသည်မှာ သောင်ပြင်ပေါ်တွင် တစ်နေ့နေ့ တစ်ခုခု ပေါ်လာတော့မလို ပုံမျိုးဖြစ်နေသည်။

တစ်နေ့သောအခါတွင်တော့ သူက တကယ်ပင် တစ်ခုခုကို မြင်တွေ့ရသည်။ ထိုအချိန်တွင် ကီနီက တံခါးဝတွင် ဖိနပ်စီးရင်း တန်းလန်းဖြစ်သည်။

'ကီနီ....ကီနီ... ဒီမှာ လာကြည့်ပါဦး'

ဂျီယက အော်ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကီနိုက ကမန်းကတန်း ပြေးလိုက်သွားသည်။ ဂျီယနှင့် တောင်ကုန်းအောက်တွင် ဆုံသည်။

'ဟိုမှာ ကြည့်လိုက်ပါဦး၊ သောင်ပြင်ပေါ်မှာ တစ်ယောက်ယောက်' အိမ်ဆောက်နေသလိုပဲကွ'

မှန်ပါသည်။ ကီနိုလည်း မြင်ရသည်။ လူနှစ်ယောက်သည် သောင်ပြင်တွင် အိမ်တိုင်စိုက်နေကြသည်။ မိန်းမတစ်ယောက်နှင့် ကလေးတစ်ယောက်က အနီးမှ ရပ်ကြည့်နေကြသည်။

'သူတို့ ဒီနေရာမှာ အိမ်ပြန်ဆောက်လို့ ဖြစ်နိုင်ပါ့မလား'

ဂျီယက ပြောလိုက်သည်။

ထို့နောက် သူတို့နှစ်ယောက်သည် စောင့်ကြည့်မနေကြတော့ဘဲ သောင်ပြင်ဆီသို့ ဒုံးစိုင်းပြေးဆင်းလာခဲ့ကြတော့သည်။

'အစ်ကိုတို့က အိမ်ဆောက်ဖို့ ပြင်နေကြတာလား'

ဂျီယက မေးလိုက်သည်။

လူနှစ်ယောက်က အလုပ်ကို ရပ်လိုက်ကြသည်။ အကြီးလူက ခေါင်းညိတ်ပြီး ပြောသည်။

'တို့က ဒီနေရာမှာ တို့အဖေနဲ့အတူ နေခဲ့ကြတာ၊ နောက်ပိုင်းကျတော့ ရဲတိုက်ကြီးအပြင်က အိမ်မှာ သွားနေကြတယ်၊ ပြီးတော့ တခြားဆိပ်ကမ်းတွေမှာ သွားပြီး ငါးဖမ်းကြတယ်၊ အခုတော့ တို့က ကိုယ်ပိုင်အိမ်မရှိလို့ စိတ်ညစ်လာတာနဲ့ ကိုယ့်ရွာဟောင်းကိုပဲ ပြန်လာကြတယ်၊ ပြီးတော့ ဒီနေရာက ငါးဖမ်းလို့ အရှဆုံးနေရာလဲ ဖြစ်တယ်လေ'





'ဒါဖြင့် အရင်ကလို လှိုင်းလုံးကြီး ပြန်တက်လာရင် ဘယ်လို လုပ်မှာလဲ'

ကီနိုက မေးလိုက်သည်။

အိမ်ဆောက်နေသည့် အကြီးလူက ပခုံးနှစ်ဖက် တွန့်လိုက်ပြီး—

'ငါတို့ အဘိုးရဲ့အဖေ အဘိုးလက်ထက်ကလဲ ဒီလိုပဲ လှိုင်းကြီး တက်ခဲ့တာပဲ၊ အိမ်တွေအားလုံး ရေထဲပါသွားတယ်၊ ဒါပေမယ့် ငါတို့အဖေတော့ ဒီနေရာကို ပြန်လာတာပဲ။ ငါတို့အဖေလက်ထက်ကျပြန်တော့လဲ လှိုင်းကြီး တစ်ခါထပ်တက်ပြန်တာပဲ၊ ဒါပေမယ့် အခု ငါတို့ပြန်လာတာပဲ'

'ဒါဆို ကလေးတွေ ဘယ်လိုလုပ်မလဲ'

'အို....ဒီလှိုင်းကြီးက နောက်ထပ် ဘယ်တော့မှ မလာနိုင်တော့ပါဘူး'

ထို့နောက် သူတို့က အိမ်တိုင်ကို သဲထဲပြန်စိုက်ကြပြန်သည်။

တစ်ချိန်လုံး ဂျီယက စကားတစ်ခွန်းမှ မပြောဘဲ တေမိလုပ်နေသည်။ သူက လူနှစ်ယောက်အလုပ် လုပ်နေသည်ကို စိတ်ဝင်တစား ကြည့်နေသည်၊ သူ့မျက်နှာက တည်သလိုလို ပြုံးသလိုလို ဖြစ်နေသည်။

လှိုင်းလုံးကြီးသည် သူ့ဘဝကို လုံးဝပြောင်းလဲ သွားစေခဲ့သည်။ သူသည် ဘယ်တော့မှ လွယ်လွယ်နှင့် မရယ်နိုင်တော့၊ ဘယ်တော့မှ စကားကို လွယ်လွယ်မပြောနိုင်တော့၊ သူသည် ကီနို၏ဖခင်ပြော သလို သူ့မိဘနှစ်ပါးနှင့် သူ့အစ်ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



များ အသေဆိုးဖြင့် သေသွားကြပြီဖြစ်သော အသိနှင့်အသက် ရှင်နေသူဖြစ်သည်။ သူ မငိုတော့။

သူသည် သူတို့ကို နေ့တိုင်းသတိရနေသည်။ သူ့ထံမှ သူတို့ထံသို့လည်းကောင်း၊ သူတို့ထံမှ သူထံသို့လည်းကောင်းဆက်သွယ်မှု ဝေးကွာလှသည်ဟုလည်း သူ ဘယ်တော့မှ မထင်။ သူတို့၏ မျက်နှာများ၊ အသံများ၊ သူ့ဖခင်၏ ပြောပုံဆိုပုံ၊ ကြည့်ပုံရှုပုံ၊ သူ့မိခင်၏အပြုံး၊ သူ့အစ်ကိုကြီး၏ ရယ်သံ.... ထိုအရာတွေအားလုံး သူ့ခန္ဓာကိုယ်ထဲမှာ ရှိနေဆဲဟု ယုံကြည်သည်။ တစ်သက်လုံးလည်း ရှိနေဦးမည်ဟု ယုံကြည်သည်။

ယို့သော် မုန်တိုင်းကြီးတိုက်ပြီးကတည်းက သူသည် ကလေးအန္တယ် မဟုတ်တော့။ ကျောင်းသားဘဝတုန်းက သူတတ်နိုင်သမျှ အစွမ်းကုန် ကြိုးစား သင်ယူခဲ့သည်။ ယခုတော့ သူသည် ယာခင်းထဲတွင် ကြိုးစားလုပ်ကိုင်လျက်ရှိသည်။သူသည် ကောင်းသောအရာဟူသမျှကို တန်ဖိုးထားခဲ့သည်။ မုန်တိုင်းကြီးနှင့် လှိုင်းလုံးကြီးတို့က ကြမ်းတမ်းရက်စက်လှ၏။သူသည် ကြမ်းတမ်းရက်စက်ခြင်းကို အလွန်ကြောက်သည်။

သို့ကြောင့် သူသည် ယခုအခါ အကြင်နာတရားအပြည့်ဝဆုံး လူငယ်တစ်ယောက်အဖြစ် ကြီးပြင်းလာခဲ့လေသည်။သူသည် ကိန်ိုတွေ့ဖူးသမျှတွင် အယဉ်ကျေးဆုံး၊ အသိမ်မွေ့ဆုံး လူတစ်ယောက် ဖြစ်၏။

ဂျီယသည် သူ၏အထီးကျန်ဘဝအကြောင်းကို ဘယ်တော့မှ ထုတ်ဖော်မပြော၊ သူက သူ့ဝေဒနာကြောင့် သူတစ်ပါးကို ဝေဒနာ မဖြစ်စေချင်၊ ဆက်ဆုက ရယ်စရာလုပ်ပြ၍ဖြစ်

ပထမအကြိမ်



စေ၊ သူ့ကို တမင်စ၍ ဖြစ်စေ၊ သူ ရယ်မောသောအခါ သူ၏ ရယ်သံသည် တစ်မူထူးခြားနေ၏။ ယင်းသို့ ထူးခြားရခြင်းမှာ သူက အူထဲ အသည်းထဲက နှစ်နှစ်ကာကာ တကယ်ရယ်သောကြောင့် ဖြစ်၏။

ယခုအခါ သူသည် ဆောင်ပြင်၌ အိမ်သစ်ဆောက်နေသူများကို ကြည့်ကာ ပြင်းထန်သော နှစ်သက်ကြည်နူးမှုကို ခံစားနေရသည်၊ ဤသောင်ပြင်တွင် လူတွေပြန်စုပြီး ရွာတည်ကြလို့ တကယ်ဖြစ်နိုင်ပါမည်လား။ သည်လိုလုပ်တာက ရော မှန်ပါသလား။

* * *

ထိုအခိုက် တောင်ကုန်းပေါ်၌ ရုတ်ရုတ်သဲသဲ အသံများ ပေါ်ထွက်လာ၏။ သူတို့အားလုံး လှမ်းမော့ကြည့်လိုက်ရာ ကျောက်တုံးလမ်းအကိုင်း ရဲတိုက်ရှင် အဘိုးအို တဖြည်းဖြည်း ဆင်းလာနေသည်ကို မြင်ကြရ၏။

အဘိုးအိုမှာ ယခုအခါ အလွန်အိုမင်းနေပြီ။ သူသည် လှုပ်လှုပ် လှုပ်လှုပ်ဖြင့် လျှောက်လာနေ၏။ အိမ်စေနှစ်ယောက်က သူ့အား ဘေးမှ ဖေးမ၍ ပါလာကြသည်။

အိမ်ဆောက်နေသည့်အကြီးလူက သူ့လက်ထဲမှ ကျောက်ခဲ လက်ရိုက်ကို ပစ်ချလိုက်သည်။

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



‘ဟော်ဟိုမှာ တို့ရဲ့ဘိုးဘိုးကြီးလာနေပြီ၊ သူ တော်တော် စိတ်ဆိုးနေပုံရတယ်။ နို့ မဟုတ်ရင် သူ ဒီအထိ ဆင်းမလာဘူး’

တကယ်ပင် အဘိုးအိုသည် ဒေါသထွက်နေ၏။ သူသည်သူ၏ တောင်ဝှေးရှည်ကြီးကိုကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားသည်။ သောင်ပြင်ပေါ်မှ လူစုအနီးသို့ ရောက်လာသောအခါ သူ့ မုတ်ဆိတ်ကို လက်နှင့်ဆွဲပြီး မျက်ခုံးနှစ်ဖက်ကို ချီလိုက်သည်။ သူ့ခန္ဓာကိုယ်က ဝါးလုံးလို ပိန်ရှည်နေသည်။ ဖွေးဖွေးဖြူ နေသော ဆံပင်များနှင့် ရှည်လျားသော မုတ်ဆိတ်မွေးတို့က လေထဲတွင် ဝှေ့ယမ်းဝဲပျံ့နေကြသည်။ သူ့ကိုကြည့်ရသည်မှာ ဘုရားကျောင်းထဲမှ ထွက်လာသော နတ်တစ်ပါးလို ထင်မှတ်ရ၏။

‘မင်းတို့ လူမိုက်ကလေးတွေ’

အဘိုးအိုက အသံဩကြီးဖြင့် အော်ပြောလိုက်သည်။

‘ငါ့ ရဲတိုက်ကြီး ဒီလောက် လှုံ့ခြုံ့စိတ်ချရတာကိုတောင် အားမကိုးကြဘူး၊ ဒီကို ထွက်လာပြီး အိမ်လာဆောက်နေကြ တယ်၊ မင်းတို့အဖေတွေလဲ ငါ့စကားကို နားမထောင်ဘဲ ဒီလိုပဲ လုပ်ခဲ့ကြတာပဲ၊ အေး….မင်းတို့ လုပ်ကြ၊ ကောင်း ကောင်းလုပ်ကြ၊ မကြာခင် လှိုင်းလုံးကြီး ပြန်တက်လာပြီး မင်းတို့အားလုံးကို သမုဒ္ဒရာထဲ ဆွဲချသွားလိမ့်မယ်’

‘လှိုင်းလုံးကြီး နောက်ထပ် မသာနိုင်တော့ပါဘူး ဘိုးဘိုး ရယ်’

အိမ်ဆောက်နေသည့် အကြီးလူက ပြန်ပြောလိုက်သည်။





‘လာမယ်၊ တကယ်ပြန်လာမယ်၊ ငါက စေတနာထား ပြီး ဒီလူမိုက်တွေကို ဒီအန္တရာယ်က တစ်သက် ကယ်ဘင်လာ ခဲ့တယ်၊ ခုတော့ မင်းတို့က ငါ့စကားကို နားမထောင်ကြ ဘူး၊ အဲဒီတော့ မင်းတို့ထိုက်နဲ့ မင်းတို့ကံ သေဖို့သာပြင် ထားကြပေတော့’

ဤတွင် ဂျီယက ရုတ်တရက် ကြားဖြတ်၍ ပြောလိုက်သည်။

‘ဒီနေရာက ကျွန်တော်တို့ရဲ့ ဇာတိရပ်ရွာပါ ဘိုးဘိုး ကြီး၊ မိုးတောင်တို့၊ မုန်တိုင်းတို့၊ လှိုင်းလုံးကြီးတို့ရဲ့အန္တရာယ် ကို တစ်လျှောက်လုံး ခံလာကြရတာပဲ၊ ဒါဟာ မဆန်းတော့ ပါဘူး၊ ကျွန်တော်တို့က ဒီမြေမှာပဲ မွေးပြီး ဒီမြေမှာပဲ သေ ကြမှာပါ’

အဘိုးအိုက ဂျီယကို စူးစိုက်ကြည့်လိုက်ပြီး–

‘သူငယ်က ဘယ်သူလဲ၊ ငါမမြင်ဖူးပါဘူး’

‘ကျွန်တော့်ကို ဘိုးဘိုး မြင်ဖူးပါတယ်၊ ဘိုးဘိုးက ကျွန်တော့်ကို မွေးစားချင်တယ်ဆိုလို့ ကျွန်တော် ရဲတိုက် ကြီးကို လာခဲ့ဖူးတယ်လေ’

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

‘သြော်….ဟုတ်ပြီ၊ ငါမှတ်မိပြီ၊ မင်းကို ငါက သား အဖြစ် မွေးစားချင်ခဲ့တာ၊ မင်း သိပ်မှားတာပဲ သူငယ်၊ မင်း တာ ငါ့ရဲတိုက်ကြီးထဲမှာ တစ်သက်လုံး လုံလုံခြုံခြုံ့နေနိုင် မယ်၊ မင်းရဲ့ သားသမီးတွေအတွက်လဲ ဘယ်တော့မှ မပူရ တော့ဘူး၊ ငါ့ရဲတိုက်ကြီးကို လှိုင်းလုံးကြီးက ဘယ်တော့မှ မရောက်နိုင်ဘူး’



www.burmeseclassic.com

www.burmeseclassic.com



ဂျိယကဦးခေါင်းကို ခါရမ်းလိုက်ပြီး....

'ဘိုးဘိုးရဲ့ ရဲတိုက်ကြီးလဲ စိတ်မချရပါဘူး၊ ငလျင်လှုပ်လို့ မြေကြီး နှစ်ခြမ်း ကွဲသွားရင် ရဲတိုက်ကြီး ပြားပြားဝပ်သွားမှာပဲ၊ ဒီကျွန်းတွေပေါ်မှာ နေနေသမျှတော့ ကျွန်တော်တို့အတွက် ဘယ်နေရာမှ မလုံခြုံပါဘူး၊ ဒါပေမယ့် ကျွန်တော်တို့က မကြောက်ဘူး၊ ကြောက်နေလို့မဖြစ်လို့ မကြောက်ဘူး'

'အား....ဟုတ်တယ်၊ မင်းပြောတာသိပ်မှန်တယ်'

အိမ်ဆောက်နေသူများက ထောက်ခံလိုက်ကြသည်။ ထို့နောက် သူတို့သည် အိမ်တိုင်များ ဆက်လက်စိုက်ထူကြသည်။

အဘိုးအိုက ခေတ္တမျှ မျက်လုံးကစားနေပြီးနောက်—

'ကောင်းပြီ၊ နောက်တစ်ခါ လှိုင်းလုံးကြီး တက်လာရင်တော့ မင်းတို့ ငါ့ဆီ မလာကြနဲ့တော့'

'ဒါပေမယ့် ဘိုးဘိုးက ကျွန်တော်တို့ကို ကယ်မှာပါ၊ ဘိုးဘိုးက စိတ်ကောင်းရှိတဲ့ ပုဂ္ဂိုလ်ကြီး မဟုတ်လား'

ဂျိယက တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။ အဘိုးအိုက ခေါင်းခါပြီး ပြုံးလိုက်ရင်း—

'အင်း....မင်းဟာ ငါ့သားဖြစ်မလာတာ သိပ်ပြီး သနားစရာကောင်းတာပဲ'

ထို့နောက် အဘိုးအိုသည် ရဲတိုက်ကြီးသို့ ပြန်တက်သွားလေ၏။

* * *





ကီနိုနှင့် ဂျိယတို့သည်လည်း အိမ်သို့ ပြန်လာခဲ့ကြသည်။ သို့သော် ထိုနေ့မှစ၍ ဂျိယသည် ဂနာမငြိမ် ဖြစ်နေသည်ကို တစ်အိမ်သားလုံး သတိပြုမိကြ၏။ သူက ယာလုပ်ငန်းကို ကောင်းကောင်းကျွမ်းသောကြောင့် တောင်သူတစ်ယောက် ဖြစ်လာလိမ့်မည်ဟု သူတို့ ထင်ခဲ့ကြသည်။

ကီနို၏ အဖေကလည်း သူ့ကို အလွန်ယုံကြည်သည်။ အားလည်း ကိုးသည်။

သို့သော် ဂျိယက ခဏခဏ မေ့တတ်သည်။ တစ်နေ့တွင် ယာခင်း၌ အလုပ်လုပ်နေကြရင်း ကီနို၏အဖေက သူနှင့် စကားပြောဖြစ်သည်။

'ဂျိယ....မင်း အခုလို ခဏခဏ မေ့နေတတ်တာကတော့ တော်တော်စိတ်မကောင်းစရာပဲ၊ ဒါနဲ့ ပြောပါဦး၊ မင်း စိတ်ထဲမှာ ဘယ်လိုဖြစ်သလဲ၊ တို့ကို အမှန်အတိုင်း ပြောစမ်းပါ'

'ကျွန်တော့် စိတ်ထဲမှာ လှေတစ်စီးပဲ လိုချင်နေတယ် ဦးလေး၊ ကျွန်တော် ပင်လယ်ကို ပိုက်ချထွက်ချင်မိပါတယ်'

ဂျိယက သူ့ရင်ထဲ ရှိတာကို အမှန်အတိုင်း ပြောပြလိုက်သည်။ ကီနို၏အဖေက ထွန်ရေးထိုးနေရင်းမှ တည်ငြိမ်သော အသံဖြင့်—

'အသက်ရှင်ခြင်းက သေခြင်းထက် အင်အားကြီးပါတယ်ကွယ်'

ထိုနေ့မှစ၍ ဂျိယသည် တစ်နေ့နေ့တွင် ပင်လယ်ပြင်သို့ ပြန်သွားလိမ့်မည် ဆိုသည်ကို တစ်အိမ်သားလုံး သဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကြသည်။ သောင်ပြင်တွင် အိမ်ဆောက်လိမ့်မည် ဆိုတာကိုလည်း ကြိုတင်မျှော်လင့်ထားကြသည်။

ယခုအခါ သောင်ပြင်တွင် ခုနစ်အိမ်အထိပင် ဆောက်ပြီးသွားကြပြီ။ ခနော်ခနဲ့ ဆောက်ထားသော သစ်သားတဲအိမ်ကလေးများဖြစ်၍ လှိုင်းတစ်လုံး ပုတ်လိုက်လျှင် အားလုံးပြိုပျက်ပြီး ရေထဲ မျောပါသွားကြမည်မှာ သေချာသည်။

မည်သို့ပင်ဖြစ်စေ လောလောဆယ်အဖို့တော့ ဤတဲအိမ်ကလေးများသည် တံငါမိသားစုများအား ရာသီဥတုဒဏ်မှ အကာအကွယ်ပေးထားနိုင်သော အဖိုးတန် ဘုံဗိမာန်ကလေးများပင် ဖြစ်သည်။

သို့သော် ထိုအိမ်ကလေးများတွင် ထုံးစံအတိုင်း ပင်လယ်ပြင်ဘက်သို့ ပြတင်းပေါက် ဖောက်မထားကြ။

မိသားစုတိုင်းသည် မုန်တိုင်းကြီးမတိုက်မီ ကာလက ပိုင်ဆိုင်ခဲ့သော မြေကွက်ကလေးများပေါ်တွင် တဲအိမ်ကလေးတွေ အသီးသီး ဆောက်လုပ်ထားကြခြင်း ဖြစ်သည်။

လက်ရှိအိမ်ဘန်းများ အစွန်တွင် ကွက်လပ်ကလေးတစ်ခုရှိသည်။ ထိုနေရာကို ဂျီယတို့မိသားစု ပိုင်ခဲ့သည်။ ယခုမူ ဂျီယတစ်ယောက်သာ ပိုင်တော့သည်။

'ကျွန်တော် လှေဘစ်စင်းပိုင်ပြီးတဲ့အချိန်ကျရင် အဲဒီ ကွက်လပ်မှာ ကိုယ်ပိုင်အိမ်သွားဆောက်မယ်'

တစ်ညတွင် ဂျီယက မိသားစုအား သူ့ရည်မှန်းချက်ကို ပြောပြလိုက်သည်။

ပထမအကြိမ်



'ဒီနေ့ကစပြီး မင်းကို ငါ လုပ်ခ ပေးတော့မယ်၊ မင်းက လူလားမြောက်ပြီ'

ကီနို၏အဖေ ပြောသည်။

ထိုနေ့မှ စ၍ ဂျီယ ငွေစုတော့သည်။ စုငွေ လုံလုံလောက်လောက်ရသောအခါ လှေတစ်စင်းဝယ်သည်။ လှေကလေး သွယ်နှောင်းနှောင်းနှင့် တော်တော်ကောင်းသည်။ မာလည်း မာသည်။ သစ်သားကလည်း ဥတုသုံးပါးခံသည်။ ရွက်တွေကလည်း အသစ်ကျပ်ချွတ်ဖြစ်သည်။

လှေဝယ်သောနေ့တွင် သူနှင့်ကီနိုတို့ နှစ်ယောက်သား ရေလက်ကြားတွင် ရွက်လွှင့်၍ စမ်းစီးကြည့်ကြသည်။ ဂျီယသည် မုန်တိုင်းကြီးတိုက်ပြီးကတည်းက သည်နေ့လောက် တစ်ခါမျှ မပျော်ခဲ့ဖူး။ ကီနိုကတော့ သူတို့၏ လှေဝမ်းဗိုက်အောက်မှ အေးစိမ့်နေသော ရေထုကြီးကို ကြည့်ပြီး အတိတ်ကာလက ဖြစ်ရပ်ကို ပြန်လည်သတိရမိသည်။

သို့သော် ဂျီယအဖို့တော့ ကိုယ်ပိုင်လှေကလေးကို တစိမ့်စိမ့်ကြည့်ပြီး ဖမ်းသာမဆုံး ပီတိတွေ ဖုံးနေတော့သည်။ ကီနိုက ဂျီယ၏ စိတ်ချမ်းသာနေမှုကို အနှောင့်အယှက်မပေးချင်၍ သူ့ကြောက်စိတ်ကို ဖော်မပြောဘဲ ကျိတ်ခံနေသည်။

'တစ်နေ့မှာ ငါ ပင်လယ်ကို ပြန်သွားရမယ် ဆိုတာ ငါ အမြဲတမ်း သိနေတယ် ကီနို'

ဂျီယက ပြောလိုက်သည်။ ထို့နောက် သူက ထပ်မေးလိုက်သည်။

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့ သောင်ပြင်မှာ နေရတာကို ဆက်ဆုက ကြောက်လိမ့်မယ်လို့ မင်းထင်သလား ဟင်'

သည်စကားကို ပြောပြီးနောက် ဂျိုယ၏ မျက်နှာတစ်ပြင်လုံး နီမြန်းသွားသည်။ ကီနိုက အံ့ဩသွားပြီး—

'ဆက်ဆုက သောင်ပြင်မှာ ဘာလို့နေရမှာလဲကွ'

ဂျိုယ၏ မျက်နှာ ပို၍ နီရဲသွားသည်။ သို့သော်လည်း သူက ဦးခေါင်းကို မော့ပြီး ပြန်ပြောလိုက်သည်။

'ဘာဖြစ်လို့လဲဆိုတော့ အဲဒီမှာ ငါက အိမ်ဆောက်မယ်လေ၊ ဆက်ဆုကို ငါလက်ထပ်မှာပေါ့'

အလွန်ထူးဆန်းသော သတင်းကြီးဖြစ်သည်။ ထို့ကြောင့် ကီနိုက ဘာစကားပြန်ပြောရမှန်းပင်မသိတော့။ ဆက်ဆုက သူ၏ ညီမထွေးကလေး၊ ဆက်ဆု အိမ်ထောင်ပြုရမည့်အရွယ်သို့ ရောက်ပြီဟု သူက လုံဝ မယုံကြည်။ အမှန်အတိုင်းပြောရလျှင် ဆက်ဆုကို လက်ထပ်မည့်လူရှိလိမ့်မည် ဟူ၍လည်း သူမထင်။

သည်ကလေးမက အလွန်နမော်နမဲ့နိုင်သည်။ စတတ်နောက်တတ်သည်။ ပြောင်လွှတ်လွှတ် နောက်တောက်တောက်နှင့် ယောက်ျားလေးမကလေး။ သူက ယခုအသက်အရွယ်အထိ ကီနို၏ ပစ္စည်းများကို ဖွက်ထားတတ်သေးသည်၊ ကီနိုတစ်ယောက် သူ့ပစ္စည်းတွေ တော်တော်နှင့် ရှာမတွေ့ဘဲ ပျာယာခတ်နေလျှင် ဆက်ဆု တဟားဟားနှင့် ရယ်ပြီး အလွန်သဘောကျ နေတတ်သည်။





ကီနိုက ဂျိုယကို ပြောလိုက်သည်။

'မင်း ဆက်ဆုကို ယူရင် သိပ်မိုက်တာပေါ့'

'ငါတော့ မင်းပြောတာ သဘောမတူနိုင်ဘူး'

ဂျိုယက ပြုံးပြီး ပြန်ပြောသည်၊

'ဒါနဲ့ မင်းက သူ့ကို ဘာကြောင့် ကြိုက်တာလဲ'

'သူက ငါ့ကို ရယ်အောင် လုပ်တတ်လို့၊ သူက အဲဒီလိုလုပ်တော့ ငါ လှိုင်းလုံးကြီးကို မေ့သွားတယ်၊ သတိမရတော့ဘူး၊ ငါ့အဖို့တော့ ဆက်ဆုဟာ အသက်ပါပဲ'

'ဒါပေမယ့် သူက ထမင်းကောင်းကောင်း မချက်တတ်ဘူးကွ၊ သူက ထမင်းအိုးနှပ်ထားတုန်း အပြင်ထွက်ပြီး တစ်ခုခု သွားကြည့်နေလို့ ထမင်းက အားလုံး တူးကုန်ရော....'

'ထမင်းတူးတာကို ငါလဲ ဂရုမစိုက်ပါဘူးကွာ၊ ငါလဲ သူနဲ့အတူ အပြင်ထွက်ပြီးလိုက်ကြည့်မှာပေါ့'

ကီနိုက ဆက်မပြောတော့။ သို့သော်လည်း သူက သူ့အချစ်ဆုံး မိတ်ဆွေ၏ မျက်နှာကိုတော့ စူးစိုက်ကြည့်နေ၏။

ဂျိုယက အိမ်သစ်ဆောက်ပြီး ဆက်ဆုနှင့် လက်ထပ်တော့မယ်ဆိုပါလား။

ကီနို မယုံနိုင်၊ ဘယ်လိုမှ မယုံနိုင်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က သူတို့နှစ်ယောက် အိမ်သို့ ပြန်ရောက်သောအခါ ကိနိုက သူ့အဖေအနားသို့ သွားပြီး ပြောင်ပြောင်ပင် မေးလိုက်တော့သည်။

'ဂျီယက ဆက်ဆုနဲ့ လက်ထပ်ချင်လို့တဲ့၊ အဲဒါ အဖေတို့ သိသလား'

သူ့အဖေက မျိုးစေ့တွေကို စစ်ဆေးကြည့်နေသည်၊ ပျိုးကြဲချိန် နီးလာပြီ။ သူက ပြုံးလိုက်ပြီး–

'အေး....ငါလဲ အကဲတော့ ခတ်မိသားကွ'

'ဒါပေမယ့် ဆက်ဆုက ဂျီယနဲ့ မတန်ပါဘူး အဖေ'

'ဆက်ဆုက သိပ်ချောပါတယ် သားရယ်'

ကိနို အံ့ဩသွားသည်။

'ဘာလဲ၊ အဲဒီ နှာခေါင်းမျိုးနဲ့များ ချောသတဲ့လား'

'အဲဒီ နှာခေါင်းမျိုးကိုပဲ ဂျီယ သဘောကျတာကွ'

ဖခင်က တည်ငြိမ်စွာ ပြန်ပြောသည်။

'ကျွန်တော်တော့ ဘယ်လိုမှ စဉ်းစားလို့မရဘူး။ ဒီကောင်မလေးက ပြောင်ရွှတ်ရွှတ် နောက် တောက် တောက် နဲ့၊ ဒီကောင်တော့ ကောင်းကောင်းကြီး စိတ်ဆင်းရဲရမှာ သေချာတယ်'

'မင်းကသာ စိတ်ဆင်းရဲရတာ၊ သူကတော့ ပျော်နေမှာပဲ'

'အဲဒါလဲ ကျွန်တော် လုံးဝ နားမလည်ဘူး'

ပထမအကြိမ်



'တစ်နေ့ကျတော့ မင်း နား[illegible]ဖြစ်ဆိုက ရယ်ပြီး ပြောသည်၊ 'ရှင်နေရတာဟာ သေခြင်းထက်ပိုပြီး စွမ်းအား ကြီးတယ်လို့ ငါ ပြောဖူးတာ မင်းမှတ် မိရဲ့လား၊ ဂျီယက အခု ပြန်ရှင်လာပြီကွယ့်'

*　　　*　　　*

နွေဦးပေါက်ရာသီ တစ်နေ့တွင် ဂျီယနှင့် ဆက်ဆုတို့ လက်ထပ်လိုက်ကြသည်။

ကိနိုက မယုံကြည်နိုင်လောက်အောင် အံ့ဩနေမိသည်။ အဘယ်ကြောင့်ဆိုသော် နောက်ဆုံးနေ့အထိ ဆက်ဆုက ငယ်ကျင့်မပျောက်သေးဘဲ ပြောင်မဲချော်ချော် ပြက်တက်တက်လုပ်နေခဲ့သေးသည်။ လက်ထပ်မည့်နေ့မှာပင် သူက ကိနို၏ခေါင်းဖီးသောဝက်မင်ဘီးကို အိပ်ရာအောက်မှာဝှက်ထားလိုက်သေးသည်။

ခေါင်းဖီးသောဝက်မင်ဘီးကို ရှာတွေ့တော့ကိနိုက ပြောလိုက်သည်။

'နင် တော်တော် ဆိုးတဲ့ ကလေးမပဲ၊ လင်ယူဖို့တောင် မကောင်းဘူး။ ငါတော့ ဂျီယအတွက် စိတ်မကောင်း ဖြစ်မိပါရဲ့'

ဆက်ဆု၏ မျက်လုံးညိုကြီးများက ကိနိုအား ကြည့်ပြီး သရော်နေကြသည်။ ဆက်ဆုက သူ့လျှာနီနီကလေးကို လှစ်ခနဲ ထုတ်ပြပြီး....

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



'ညီမက အစ်ကိုဂျိုယအပေါ် အမြဲတမ်း မခွဲတမ်းကြင်နာမယ် သိရဲ့လား'

ဟု ပြန်ပြောလိုက်သည်။

* * *

ဂျိုယနှင့် ဆက်ဆုတို့ လက်ထပ်ကြပြီးသောအခါ သောင်ပြင်မှ အိမ်သစ်သို့ ပြောင်းသွားကြသည်။

ကီနိုတစ်ယောက် စိတ်ဆင်းရဲရလေတော့သည်။ သူက သူ့ညီမလေးကို အလွန်အောက်မေ့နေမိသည်။ ဆက်ဆုမရှိ၍ တစ်အိမ်လုံး တိတ်ဆိတ်ကျန်ရစ်၏။

ကီနိုသည် နေ့တိုင်းလိုပင် ဂျိုယဆီသို့ လာတတ်သည်။ အခါများစွာပင် သမီးယောက်ဖနှစ်ယောက် ငါးဖမ်းထွက်တတ်ကြသည်။

သို့သော် ဆက်ဆုက ယာတောအိမ်မှာ မနေတော့။ အိပ်ခန်း၊ မီးဖိုခန်းနှင့်ပန်းခင်းများထဲတွင် ဆက်ဆုအသံကို မကြားရတော့။

ကီနိုက ဆက်ဆုစကား နောက်ပြောင်ပြောတာတွေကို တမ်းတမိသည်။ တစ်ချိန်တည်းတွင် သူ့ညီမလေး အတွက် စိုးရိမ်စိတ်လည်း ဖြစ်ပေါ်မိသည်။

တကယ်လို့ လှိုင်းလုံးကြီး နောက်တစ်ကြိမ် ပြန်တက်လာရင် ဘယ်လို လုပ်ပါမလဲ။





တစ်နေ့တွင် ဂျိုယတို့ ဇနီးမောင်နှံ၏ အိမ်သစ်လှလှကလေးထဲ၌ ထိုင်နေရင်း ကီနိုက ဂျိုယအား မေးသည်။

'ဒါနဲ့ ဂျိုယ၊ လှိုင်းလုံးကြီး ပြန်တက်လာရင် မင်းတို့ဘယ်လိုလုပ်ကြမလဲဟင်'

'အဲဒီအတွက် ငါ ကြိုတင် ပြင်ဆင်ထားပြီးပါပြီကွ'

ထို့နောက် သူက သူတို့အားလုံးကို အိမ်တွင်းမှ ဖြတ်၍ အခန်းတစ်ခန်းထဲသို့ ခေါ်လာခဲ့သည်။ ထိုအခန်းသည် တစ်အိမ်လုံးတွင် အကြီးဆုံးအခန်းဖြစ်ပြီး ပင်လယ်ဘက်သို့မျက်နှာမူထားသည်။ ထိုအခန်းတွင် နေ့ဖက်၌ ထမင်းစားသည်။ အလုပ်လုပ်သည်။ ညဖက်ကျတော့ အိပ်ကြသည်။

မိသားစုအားလုံး အခန်းထဲတွင်ရပ်နေကြသည်။ ဂျိုယက အခန်းနံရံမှ ပျဉ်ချပ်ကို တွန်းရွှေ့လိုက်သည်၊ သူတို့၏ မျက်စိရှေ့တွင် သမုဒ္ဒရာရေပြင်ကြီး ပေါ်လာ၏။ ညနေစောင်း လေအောက်တွင် ရေမျက်နှာပြင် တစ်ခုလုံးပြည့်ဖောင်းကာ လှုပ်လှုပ်ရှားရှား ဖြစ်နေသည်၊ နေလုံးကြီးက အနီရောင်နှင့် ရွှေရောင်ရေထုထဲသို့ တရွေ့ရွေ့ ဆင်းသက်နေပြီ။

သူတို့သည် ဟိုဝေးလံသော ရေနက်ပိုင်းဆီသို့ ငြိမ်သက်စွာ လှမ်းမျှော်ကြည့်နေကြ၏။

ဂျိုယက ပြောလိုက်သည်။

'ကျွန်တော့်အိမ်က သမုဒ္ဒရာဘက်ကို ဖွင့်ထားတယ်၊ နောက်တစ်ကြိမ် လှိုင်းလုံးကြီး ပြန်တက်လာရင် ကြိုတင်



www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်နိုင်အောင် အသင့်လုပ်ထားတယ်။ ဒီတစ်ခါ ပြန်လာရင် ကျွန်တော် ရဲရဲကြီး ရင်ဆိုင်မယ်၊ ကျွန်တော် လုံးဝ မကြောက်တော့ဘူး’

‘မင်းက သန်မာသလောက် သတ္တိလဲရှိတဲ့ လူငယ်တစ်ယောက်ပဲ’

ကီနို၏အဖေက ပြောလိုက်သည်။

ထို့နောက် သောင်ပြင်ဟောင်းပေါ်မှ အိမ်သစ်ထဲတွင် ဘဝသစ်ထူထောင်ရန် ဂျိုယနှင့် ဆက်ဆုတို့ ဇနီးမောင်နှံကို ထားခဲ့ကြပြီး ကီနိုတို့ သားအမိ သားဖသုံးယောက်တို့က ယာဘောအိမ်ဆီသို့ ပြန်လာခဲ့ကြလေ၏။

BURMESE CLASSIC .com

မောင်ပေါ်ထွန်း



www.burmeseclassic.com